ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-12-2015) (၈၄၃၀)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# တိုင်းရင်းဆေးဆရာများအနေဖြင့် မိမိကုထုံးစနစ်ကို မှတ်တမ်းမှတ်ရာ သေချာစွာထားရှိပြီး ကုထုံးစနစ်၏ အားသာချက်၊ အားနည်းချက်များကို ရိုးသားစွာမှတ်တမ်းပြုစုကြရန် လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးကောင်စီနှင့်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၆)ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ညီလာခံကို တစ်နှစ်တစ်ကြိမ်ကျင်းပနိုင်မှုဖြင့် ကျေနပ်တင်းတိမ်မနေကြဘဲ ညီလာခံအဆက်ဆက်၌ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိသည့် အဆိုပြုချက်၊ ထောက်ခံချက်၊ ဆွေးနွေးချက်များပြုလုပ်ပြီး ချမှတ်ပေးသည့်လုပ်ငန်းစဉ်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်အောင် စုပေါင်းအားထုတ်ကြရန်လိုအပ်ပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်လာမှုအဆင့်ဆင့်ကို ပြန်ကြည့်မည်ဆိုပါက ၁၉၅၃ ခုနှစ်တွင် တိုင်းရင်းဆေးမြှင့်တင်ရေးရုံးကို ကျန်းမာရေးဦးစီးဌာနအောက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၌ တိုင်းရင်းဆေးပညာဦးစီးဌာနကို သီးခြားဌာနအဖြစ် ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

၁၉၇၆ ခုနှစ်တွင် တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် မန္တလေးတိုင်းရင်းဆေးသိပ္ပံကျောင်းကို ဖွင့်လှစ်ပြီး ဒီပလိုမာအဆင့်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် တိုင်းရင်းဆေးကောင်စီဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ညီလာခံကျင်းပသည့်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးများကို ကြည့်ရှုစဉ်။(သတင်းစဉ်)



# ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို ခေတ်မီမီးပွိုင့် ၁၅၀ ကျော်တပ်ဆင်၍ အလိုအလျောက်ထိန်းချုပ်မှုစနစ်အသုံးပြုကာ ခြောက်လအတွင်း ဖြေရှင်းမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများကိုဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေလျက်ရှိရာ ရန်ကုန်မြို့တွင်းရှိ မီးပွိုင့် ၁၅၄ ခုကို ခေတ်မီမီးပွိုင့်များတပ်ဆင်ကာ တစ်နေရာတည်းမှနေ၍ ထိန်းချုပ်မည့်စနစ်ကို ခြောက်လအတွင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Common Center (ထိန်းချုပ်မှုစင်တာ)၏ အကြံပေးဖြစ်သူ ဒေါက်တာမောင်အောင်ထံမှ သိရသည်။

ခေတ်မီမီးပွိုင့်များတပ်ဆင်ရန်နှင့် တစ်နေရာတည်းမှနေ၍ မီးပွိုင့်များကို ထိန်းချုပ်ပေးသွားမည့်(Common Center)ကို လုပ်ဆောင်နိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများအား နိုဝင်ဘာနောက်ဆုံးပတ်အထိ တင်ဒါများခေါ်ယူခဲ့သည်။ ယခုအခါ အဆိုပါလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် ကုမ္ပဏီလေးခုကို စိစစ်ရွေးချယ်ထားပြီးဖြစ်ကြောင်းသိရသည်။

တပ်ဆင်သွားမည့် ခေတ်မီမီးပွိုင့်များနှင့်ပတ်သက်၍ ဒေါက်တာမောင်အောင်က "ဈေးနှုန်းကလည်း ကျွန်တော်တို့ တတ်နိုင်တာဖြစ်ရမယ်။ နည်းပညာအရလည်း သင့်တော်မှုရှိရမယ်။ ပြုပြင်ထိန်းသိမ်းမှုမှာလည်း အကောင်းဆုံးဖြစ်ရမယ်။ Common Center ကလည်း ကျွန်တော်တို့လိုချင်တာဖြစ်ရမယ်။ အစစအရာရာ အကောင်းဆုံးလုပ်ပေးနိုင်မယ့်သူကို ရွေးချယ်မယ်။ အကောင်အထည်ဖော်ဖို့က ရွေးချယ်ထားတဲ့ ကုမ္ပဏီလေးခုထဲကနေ မကြာခင် ရွေးချယ်ပြီး ကြေညာမှာပါ။ ကြေညာပြီး ခြောက်လအတွင်းမှာ Common Center အပါအဝင် မီးပွိုင့် ၁၅၄ ခု **စာမျက်နှာ ၇ ကော်လံ ၁ သို့**



ကြေးမုံစာတည်းရှုထောင့် ၃၀-၁၂-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး

မြန်မာနိုင်ငံမှ နိုင်ငံရပ်ခြားတိုင်းပြည်များသို့ သွားရောက်အလုပ်လုပ်ကိုင်သူအရေအတွက်မှာ ငါးသန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ သွားရောက်ကြသူများမှာ အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့် သွားရောက်လုပ်ကိုင်ကြသည်။ ထိုအထဲတွင် တရားဝင်သွားရောက်လုပ်ကိုင်ကြသူများရှိသလို တရားမဝင်သွားရောက်လုပ်ကိုင်ကြသူများလည်းရှိသည်။

နိုင်ငံရပ်ခြားသို့ရောက်ရှိနေသူများမှာ မိမိတို့အတွက် ဝင်ငွေရရှိရေးကို မျှော်မှန်းကာ သွားရောက်ခဲ့သော်လည်း လိမ်လည်လှည့်ဖြားခေါ်ဆောင်သွားခြင်း၊ ရောင်းစားခံရခြင်းများကြောင့် ဘေးဒုက္ခရောက်နေကြသော မြန်မာနိုင်ငံသားများ အမြောက်အမြားရှိသည်။ ထိုသူတို့အား အကာအကွယ်ပေးရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ရေး၊ ပြန်လည်ထူထောင်ရေး၊ တရားစွဲဆိုရေး စသည့်လုပ်ငန်းများကို အဖွဲ့ဖွဲ့ကာ စီမံချက်ချဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ကျွန်းများပေါ်ရှိ လူကုန်ကူးခံရသော မြန်မာရေလုပ်သား ၇၈၉ ဦးကို ကယ်တင်လိုက်နိုင်ပြီး မြန်မာနိုင်ငံရှိ မိဘရပ်ထံသို့ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် ထင်ရှားသော ဆောင်ရွက်ချက်များကို မကြာမီက မြင်တွေ့ခဲ့ရသည်။ ပြည်ပနိုင်ငံများသို့ လူကုန်ကူးခံရသူများတွင် အဆိုပါ ရေလုပ်သားများကဲ့သို့ အမျိုးသားများအပြင် အမျိုးသမီးများနှင့် ကလေးသူငယ်များလည်း ပါဝင်လာသည်ကို ကြားသိကြုံတွေ့လာသဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အလေးထားလုပ်ဆောင်လာကြသည်ကို တွေ့ရသည်။

လူကုန်ကူးခံရသူများအား လွှဲပြောင်းပေးရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်ရှိ၌ ထိုင်းနိုင်ငံနှင့် ပူးပေါင်းရေးဆွဲဆောင်ရွက်နေသကဲ့သို့ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံတို့နှင့်လည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု သိရသဖြင့် မြန်မာနိုင်ငံသားများအတွက် အားတက်မိပါသည်။ မြန်မာနိုင်ငံမှ လူကုန်ကူးခံရသူအများစုမှာ အဆိုပါ လေးနိုင်ငံတွင် အဖြစ်အများဆုံးဖြစ်သည်။

လူကုန်ကူးသူခံရသူများတွင် တရားမဝင်လှေစီးပြောင်းရွှေ့သွားလာသူများနှင့်ပတ်သက်၍ တရားမဝင်ရွှေ့ပြောင်းသွားလာမှု မူရင်းနိုင်ငံမဖြစ်စေရေးနှင့် တရားမဝင်လှေစီးရွှေ့ပြောင်းသွားလာမှု တစ်ဆင့်ခံမဖြစ်စေရေးသည် အရေးကြီးသောကြောင့် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်နေသည်ကို တွေ့ရသည်။ ယခုအခါ အဆိုပါ တရားမဝင်လှေစီးရွှေ့ပြောင်းသွားလာမှုများ ရှိလာသဖြင့် အစီအမံများရေးဆွဲ၍ ဦးစားပေးဆောင်ရွက်လျက်ရှိနေသည်မှာ အားရဖွယ်ဖြစ်သည်။

ကြိုတင်တားဆီးကာကွယ်ရေးကဏ္ဍ၌ အသိပညာပေးရေးလုပ်ငန်းများအပြင် လူကုန်ကူးခံရနိုင်သည့် အကြောင်းအရင်းများ၊ လူကုန်ကူးမှုဖြစ်ပွားနိုင်သည့်နေရာများ၊ လူကုန်ကူးခံရနိုင်သည့် ဦးတည်အုပ်စုများနှင့် လူကုန်ကူးမှုကျူးလွန်နိုင်သူများအား ရှာဖွေဖော်ထုတ်သွားရန် လိုအပ်ပါသည်။ ပြည်ပသို့ ရွှေ့ပြောင်းသွားလာသူများအတွက် လုံခြုံစိတ်ချမှုရသည့် တရားဝင်သွားလာလုပ်ကိုင်ရေးကို ဆောင်ရွက်ပေးနေသည်ဖြစ်သလို တစ်ဖက်ကလည်း ပြည်ပသို့ရွှေ့ပြောင်းသွားလာနိုင်သူများအား အသိပညာပေးရေးနှင့် ပြည်တွင်း၌ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးမှသာ လူကုန်ကူးမှုလျော့နည်းကျဆင်းလာမည်ဖြစ်သည်။

လူကုန်ကူးမှုကို တားဆီးကာကွယ်ရာ၌ လက်ရှိကာလတွင် တားဆီးကာကွယ်ရေးနှင့် ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး နောင်အနာဂတ်ကာလတွင် စီမံကိန်းလုပ်ငန်းကြီးများ အသစ်ပေါ်ထွန်းလာမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်ရာ မိမိနိုင်ငံအတွင်း သင့်တင့်သောလုပ်ခလစာများနှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လုပ်ကိုင်ကြရန် အသိပညာပေးဆောင်ရွက်သွားကြဦးမည်ဖြစ်သည်။

လူကုန်ကူးခြင်းမခံရစေရန်အတွက် အဓိကလိုအပ်ချက်မှာ အသိပညာနှင့် ဝင်ငွေသင့်တင့်ကောင်းမွန်သော အလုပ်အကိုင်များ၊ အခွင့်အလမ်းများရှိနေရန်လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံသားအားလုံးတက်ကြွစွာပါဝင်ခြင်းဖြင့် မိမိနိုင်ငံတွင် အိုးမကွာ အိမ်မကွာ အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်အောင် ဝိုင်းဝန်းဖန်တီးကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ဝါးများကိုစည်းကမ်းမဲ့ခုတ်ယူနေသဖြင့် ရွှေလီမြစ်ရိုးရှိ ဝါးတောကြီးများ ပြုန်းတီးလာနိုင်

**ကသာ ဒီဇင်ဘာ ၂၉**

ဝါးကိုအိမ်ဆောက်ခြင်း၊ ထရံရက်ခြင်း၊ အသုံးအဆောင်ပစ္စည်းရက်လုပ်ခြင်း၊ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့တွင် အသုံးပြုခြင်း၊ နေအိမ်ခြံဝင်းကာရံရာတွင် အသုံးပြုခြင်းတို့ကြောင့် ဝါးခုတ်သမားများ၊ ဝါးကုန်သည်ပွဲစားများ၊ ဝါးဖောင်အလုပ်သမားများနှင့် ဝါးရက်လုပ်ငန်းလုပ်ကိုင်သူများသည် တစ်နှစ်ပတ်လုံး လုပ်ငန်းလည်ပတ်လျက်ရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်းကို ရရှိစေသည်။

ဝါးခုတ်ခြင်း၊ သယ်ဆောင်ခြင်းလုပ်ငန်းတွင် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ရွှေလီမြစ်ရိုးတို့ရှိ ဝါးတောကြီးများမှ ခုတ်ယူကြသည်။

ထိုသို့ခုတ်ယူပြီးသည့် ဝါးများကို ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်ဖွဲ့၍စုန်ဆင်းကာ စစ်ကိုင်းရွှေကြက်ယက်ဆိပ်ကမ်း၊ မန္တလေးဆိပ်ကမ်း၊ မင်းကွန်းဆိပ်ကမ်းတို့တွင်ဆိုက်ကပ်၍ အရောင်းအဝယ်ပြုလုပ်ကြပြီး ဝါးရက်လုပ်သူများကလည်း ဝါးဖောင်ဆိုက်ကပ်သည့် ဆိပ်ကမ်းနှင့်နီးရာတွင် အခြေချကာ အမိုးအကာနှင့် ဝါးထရံရက်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြကြောင်း သိရသည်။

"ဝါးဟာ လူတွေအတွက် အသုံးဝင်တာတော့မှန်ပါတယ်။ တစ်ဖက်ကကြည့်ပြန်ရင်လည်း ဝါးတောကြီးတွေ ပြုန်းတီးလာတာကို တွေ့ရတယ်။ ဒီတော့ ဝါးတွေကို စနစ်တကျခုတ်တာတို့၊ ဝါးကို ပြန်လည်တိုးချဲ့စိုက်ပျိုးတာတို့ စနစ်တကျထိန်းသိမ်းတာတို့ကို ဒေသခံတွေ သိရှိနားလည်အောင် အသိပညာပေးဆောင်ရွက်တာတွေ လုပ်ပေးဖို့ လိုအပ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင် လေ့လာသူတစ်ဦးက ပြောသည်။

ယခုအခါ ပြည်တွင်း၌ ဝါးအသုံးချမှုများပြားနေခြင်းကြောင့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ဝါးတောကြီးများသည် တဖြည်းဖြည်း ပြုန်းတီးလျက်ရှိသည်။ တစ်နှစ်တစ်နှစ်တွင် ဧရာဝတီမြစ်အတွင်း၌ ဝါးဖောင်အရေအတွက် ထောင်ချီ၍ မျောနေလျက်ရှိရာ ဒေသခံများအပါအဝင် ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်းတို့ မပြုလုပ်နိုင်ပါက သဘာဝဝါးတောကြီးများပြုန်းတီးလာကာ ရာသီဥတုပြောင်းလဲမည့် အန္တရာယ်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မည့် အန္တရာယ်များ ကြုံတွေ့လာနိုင်သည်ဟု သိရသည်။

**စိုင်းလူမင်း**



# လျှပ်စစ်အန္တရာယ်အကြောင်းသိကောင်းစရာများ ဟောပြော

**ညောင်တုန်း ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ချောင်းကြီးစံပြကျေးရွာ၌ လျှပ်စစ်ဓာတ်အားသုံးစွဲနေသော ပြည်သူများနှင့် အခြားကျေးရွာပြည်သူများအား လျှပ်စစ်အန္တရာယ် သိကောင်းစရာများအကြောင်း ဟောပြောပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်က အဆိုပါ ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ကျော်က ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်မီးဆောင်ရွက်ထားသည့် အခြေအနေများ၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူများ အနေဖြင့် သိထားရမည့်အချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်က လျှပ်စစ်မီးသုံးစွဲသူများအား စနစ်တကျ မီးသုံးစွဲခြင်းနှင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အချက်အလက်များကို လက်ကမ်းစာစောင်များ ဝေငှ၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (၀၇၆)



# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်(ရွှေဈေး) ၇၄၆၅၀၀ - ၇၄၇၅၀၀ မန္တလေး(ရွှေဈေး) ၇၄၆၅၀၀ - ၇၄၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၉၀/၆၂၀ ကျပ်၊ | ၆၄၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၈၂၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀/၆၅၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၁၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၃၈. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁. ၈၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၂၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၀၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၀၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၉. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၂၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၁. ၁၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၃၁. ၀၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ ဒေါ်အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ဓမ္မသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

## ပြည်တွင်းရေးရာ

❐ ရှေ့ဖုံးမှ

တိုင်းရင်းဆေးဆရာ(တဆ)လက်မှတ်များ ထုတ်ပေးခဲ့ပါကြောင်း၊ ထို့နောက် ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်ဖွင့်လှစ်ပြီး ဒီဂရီဘွဲ့အဆင့် ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၀၄ ခုနှစ်တွင် ၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် တိုင်းရင်းဆေးဝါးဥပဒေကို ပထမအကြိမ်ပြင်ဆင်ခဲ့ပြီး ယင်းဥပဒေနှင့်အညီ အမျိုးအစားနှင့် အရည်အသွေး မှန်ကန်သည့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူး၍ တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် ထုတ်လုပ်ရေးလိုင်စင်များကို စိစစ်ထုတ်ပေးခဲ့ပါကြောင်း။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ သုံးရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံ ကိုးရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ လေးရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံ လေးရုံ၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး ၅၀ နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၁၀ ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။

သို့သော် တိုင်းရင်းဆေးဆိုင်ရာ လုပ်ဆောင်ဖွယ်ရာများစွာ ကျန်ရှိနေပါကြောင်း၊ ယင်းတွင် မြန်မာ့တိုင်းရင်းဆေးကုထုံးစနစ်နှင့် တိုင်းရင်းဆေးဝါးများ၏ အစွမ်းထက်မြက်မှုအပေါ် သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

သုတေသနပြုသည်ဆိုသည်မှာ အထောက်အထား ခိုင်လုံအောင်ပြနိုင်ရန်ဖြစ်ရာ တိုင်းရင်းဆေးဆရာများအနေဖြင့် မိမိကုထုံးစနစ်ကို မှတ်တမ်းမှတ်ရာ သေချာစွာထားရှိပြီး ကုထုံးစနစ်၏ အားသာချက်၊ အားနည်းချက်များကို ရိုးသားစွာ မှတ်တမ်းပြုစုကြရန်လိုအပ်ပြီး ယင်းမှတ်တမ်းမှတ်ရာများကို စနစ်တကျပြုစု၍ သက်သေအထောက်အထားများနှင့် တင်ပြနိုင်ရန် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း သိပ္ပံသုတေသီပညာရှင်များအနေဖြင့် သဘာဝ တိုင်းရင်းဆေးဝါးများ၏ အန္တရာယ်ကင်းရှင်းမှု၊ အရည်အသွေးအဆင့်အတန်းနှင့် အာနိသင်ရှိမှုနှင့် မရှိမှုများကို သုတေသန ပြုလုပ်ကြစေလိုပါကြောင်း၊ ယင်းမှ တစ်ဆင့်တက်ပြီး ဆေးဝါးဗေဒ၊ သစ်တော၊ စိုက်ပျိုးရေး၊ ဆေးပညာစသည့် နှီးနွှယ်သောဘာသာရပ်အသီးသီးမှ ပညာရှင်များနှင့်ပေါင်းစပ်၍ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ ရေမြေတောတောင်အတွင်း ပေါက်ရောက်သည့် အစွမ်းထက်ဆေးပင်များကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးပွားရန်နှင့် စိုက်ပျိုးထုတ်လုပ်အသုံးချနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါ အစည်းအဝေးခန်းမအတွင်း၌ ခင်းကျင်းပြသထားသော တိုင်းရင်းဆေးသမားတော်များ ထုတ်လုပ်ထားသည့် တိုင်းရင်းဆေးဝါးများကို လှည့်လည်ကြည့်ရှုသည်။**(အပေါ်ပုံ)**

ဖွင့်ပွဲအပြီးတွင် (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ညီလာခံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ထမ်းများနှင့် ပြင်ပတိုင်းရင်းဆေးပညာရှင်များ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာဆိုင်ရာ ဆွေးနွေးပွဲများဆောင်ရွက်ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၏ အရည်အချင်းနှင့် ဂုဏ်သိက္ခာ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော တိုင်းရင်းဆေးပညာရောဂါ ရှာဖွေနည်းစနစ်များအား ပြန်လည်ဖော်ထုတ်၍ လက်တွေ့အသုံးချနိုင်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများတွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မိမိတို့ပတ်ဝန်းကျင်ရှိ ပရဆေးပင်များအကြောင်းကို ပြည်သူလူထုက သိရှိနားလည်အသုံးပြုလာနိုင်စေပြီး တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုတိုးတက်ဖော်ဆောင်နိုင်စေရန်၊ အရည်အသွေးစစ်မှန်သော ပရဆေးကုန်ကြမ်းပစ္စည်းများရရှိရေးအတွက် တစ်နိုင်တစ်ပိုင်အဆင့်မှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ ပညာပေးစည်းရုံးဆောင်ရွက်ရန် စသည့် အဆိုပြုချက်(၅)ချက်ကို တင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ရယူခြင်းတို့ ဆောင်ရွက်ကြပြီး ဒီဇင်ဘာ ၃၀ ရက်တွင်လည်း အဆိုပါခန်းမ၌ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

ညပိုင်းတွင် (၁၆)ကြိမ်မြောက် တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းဆေးသမားတော်ကြီးများအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# စင်ကာပူ-မြန်မာ အထူးကုဆရာဝန်ကြီးများ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ကုသ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ ယမန်နေ့နံနက်ပိုင်းမှစတင်၍ စင်ကာပူနိုင်ငံ Mount Elizebath Hospital မှ နား၊ နှာခေါင်းနှင့် လည်ချောင်း အထူးကုဆရာဝန်ကြီး Dr. Goh Yau Hong၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Sam Peh နှင့် အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး Dr. Lui Hock Foong နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့တို့ ပူးပေါင်း၍ နား၊ နှာခေါင်းနှင့် လည်ချောင်းဝေဒနာရှင်များ၊ ဆီးနှင့်ကျောက်ကပ်ဝေဒနာရှင်များနှင့် အစာအိမ်နှင့် အူလမ်းကြောင်း ဝေဒနာရှင်များကို ဒီဇင်ဘာ ၂၇ ရက်မှစတင်၍ စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိသည်။



အဆိုပါ ကုသပေးနေမှုများကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင် ဇနီး ဒေါ်ကျင်ခိုင်တို့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိအထူးကုဆေးရုံခွဲစိတ်ခန်းမကြီးအတွင်း၌ စင်ကာပူနိုင်ငံ Mount Elizebath Hospital မှ နား၊ နှာခေါင်းနှင့် လည်ချောင်း အထူးကုဆရာဝန်ကြီး Dr. Goh Yau Hong နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ နား၊ နှာခေါင်းနှင့် လည်ချောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်မင်းဦး၊ အစာအိမ်၊ အူလမ်းကြောင်းနှင့် အထွေထွေရောဂါခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာမျိုးထက်ကျော်၊ အထွေထွေနှင့် အစားထိုးပြုပြင်ခွဲစိတ် အထူးကုဆရာဝန်ကြီး ဒေါက်တာမင်းဇော်အောင်နှင့် မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာသက်လွင်တို့ ပူးပေါင်း၍ လည်ပင်းကြီးဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကာ ခွဲစိတ်ခန်းမကြီးအတွင်းရှိ လူနာစောင့်ခန်းအတွင်း၌ ခွဲစိတ်နေမှုကို တိုက်ရိုက်ပြသထားသော တီဗွီဖန်သားပြင်၌ ကြည့်ရှုကာ လူနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားသည်။

ထို့နောက် အထွေထွေရောဂါကုသဆောင် လူနာဆောင်အမှတ်(၂) အထူးကြပ်မတ်ကုသခန်းအတွင်း ခွဲစိတ်ကုသပြီးသည့် လည်ပင်းကြီးလူနာများ၊ ဆီးနှင့်ကျောက်ကပ် လူနာများနှင့် လူနာရှင်များအားလည်းကောင်း၊ အထွေထွေရောဂါ ကုသဆောင် လူနာဆောင်အမှတ်(၁)ရှိ ခွဲစိတ်ကုသရန် စောင့်ဆိုင်းလျက်ရှိသည့် လူနာများနှင့် လူနာရှင်များအားလည်းကောင်း ရင်းရင်းနှီးနှီးလိုက်လံအားပေးစကားပြောကြားသည်။

ပြင်ပလူနာဌာန မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အစာအိမ်၊ အူလမ်းကြောင်းကုသဆောင်အတွင်း စင်ကာပူနိုင်ငံ Mount Elizebath Hospital မှ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး Dr. Lui Hock Foong နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ အထွေထွေရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာဝင်းအောင်တို့က အစာအိမ်နှင့် အူလမ်းကြောင်းဝေဒနာရှင် ၂၅ ဦးအား ဝမ်းဗိုက်အတွင်း မှန်ပြောင်းထည့်၍ ကုသပေးခြင်းကိုလည်းကောင်း၊ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Sam Peh နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးတို့က ဆီးနှင့်ကျောက်ကပ်ဝေဒနာရှင်လေးဦးအား စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးခြင်းကို လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

စင်ကာပူနိုင်ငံ အထူးကုဆရာဝန်ကြီးများနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ အဖွဲ့တို့ပူးပေါင်း၍ လည်ပင်းကြီး လူနာ ခြောက်ဦးနှင့် ဆီးနှင့်ကျောက်ကပ်လူနာ လေးဦးတို့ကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ပြီး အစာအိမ်နှင့် အူလမ်းကြောင်းဝေဒနာရှင် ၂၅ ဦးတို့ကို အခမဲ့စစ်ဆေးစမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဇော်မင်းအောင်)**

# ရင်သွေးငယ်များ ဒီဇင်ဘာ အားကစားပြိုင်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ အားကစားပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ပါ) စေတနာကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် မူကြိုရင်သွေးငယ်များ၏ ရောင်စုံဘောလုံးပိုက်ပြေးပွဲ၊ ကြယ်သီးရောင်စုံရွေးပြိုင်ပွဲ၊ သစ်ပင်စိုက်ပြိုင်ပွဲ၊ လျှော့ထိုးပြိုင်ပွဲနှင့် အအေးသောက်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် မူကြိုရင်သွေးငယ် ၁၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ကျောင်းကြီးကြပ်ရေးမှူး အတွင်းရေးမှူး ဒေါ်ယဉ်ကြည်၊ ကျောင်းတာဝန်ခံဆရာမကြီး ဒေါ်ညွန့်မေနှင့် ဆရာမများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အေးသန်း(စိန်တုံးကြီး)**





# လူပေါင်း ၂၅၀၀ ကျော်သေဆုံးပြီးနောက် အီဘိုလာကင်းစင်ကြောင်း ဂီနီကြေညာ

**ကိုနာကရီ ဒီဇင်ဘာ ၂၉**

ဂီနီနိုင်ငံသည် အီဘိုလာကပ်ရောဂါမှ ကင်းစင်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီဇင်ဘာ ၂၉ ရက်တွင် ကြေညာလိုက်သည်။

အနောက်အာဖရိကတွင် လွန်ခဲ့သည့်နှစ်အစောပိုင်းတွင် အီဘိုလာရောဂါစတင်ဖြစ်ပွားပြီး ဂီနီနိုင်ငံတွင် လူပေါင်း ၃၈၀၇ ဦး အီဘိုလာရောဂါကူးစက်ခံရကာ ၎င်းတို့အနက် ၂၅၃၆ ဦးသေဆုံးခဲ့ရသည်။

ဂီနီနိုင်ငံ ကိုနာကရီမြို့တော်ရှိ ပြည်သူ့နန်းတော်တွင် အီဘိုလာကပ်ရောဂါကင်းစင်သည့် အထိမ်းအမှတ်အနေဖြင့် ပျော်ပွဲရွှင်ပွဲကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားသို့ လူပေါင်းတစ်သိန်းကျော် တက်ရောက်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင် နောက်ဆုံး အီဘိုလာရောဂါဝေဒနာရှင် ပြန်လည်သက်သာလာပြီး ၄၂ ရက်ကြာသောအခါ နောက်ထပ်ကူးစက်မှုမရှိလျှင် အီဘိုလာကင်းစင်ကြောင်း ကြေညာနိုင်မည်ဖြစ်သည်။

အီဘိုလာရောဂါဖြစ်ပွားမှုအများဆုံး အခြားနိုင်ငံများဖြစ်သော ဆီရာလီယွန် နိုင်ငံ၌ အီဘိုလာကင်းစင်ကြောင်း နိုဝင်ဘာလတွင် ကြေညာနိုင်ခဲ့ပြီး လိုင်ဘေးရီးယားနိုင်ငံ၌ မေလနှင့် စက်တင်ဘာလတွင် အီဘိုလာကင်းစင်ကြောင်း ကြေညာပြီးနောက် ရောဂါကူးစက်မှုနှစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

# မိုဆူးလ်မြို့ကို အီရတ်တပ်ဖွဲ့ပြန်လည်သိမ်းယူနိုင်ရေး ကာဒစ္စတန်တပ်ဖွဲ့၏ အကူအညီလိုအပ်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၉

**အီရတ်နိုင်ငံ၌ အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့၏ ထိန်းချုပ်မှုအောက်ရှိနေသည့် အကြီးဆုံးမြို့ကြီးဖြစ်သော မိုဆူးလ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် ကာဒစ္စတန်တိုက်ခိုက်ရေးသမားများထံမှ အကူအညီကိုရယူရန် လိုအပ်ကြောင်း အီရတ်ဘဏ္ဍာရေးဝန်ကြီး ဟိုရှီယာဇီဘာရီက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။**



မြို့တော်ဘဂ္ဂဒက်၏ မြောက်ဘက်ကီလိုမီတာ ၄၀၀ (မိုင် ၂၅၀) အကွာရှိ မိုဆူးလ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရေးမှာ အီရတ်အစိုးရတပ်ဖွဲ့အတွက် ကြီးမားသောစိန်ခေါ်မှုအဖြစ် ရှုမြင်ရသည်။

အီရတ်နိုင်ငံ အနောက်ပိုင်းရှိ ရာမာဒီမြို့ကို အီရတ်တပ်ဖွဲ့က ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီးနောက် မိုဆူးလ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရန်ကြိုးပမ်းမည့်လက္ခဏာများ ပြသလာသည်။

မိုဆူးလ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် စစ်ရေးအစီအစဉ်ရေးဆွဲခြင်း၊ ပြင်ဆင်ဆောင်ရွက်ခြင်းကို ပြုလုပ်ရန်လိုအပ်ကြောင်း ဇီဘာရီက ရိုက်တာသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။ ဇီဘာရီသည် ကာ့ဒ်လူမျိုးတစ်ဦးဖြစ်သည်။

အီရတ် ကာဒစ္စတန်လက်နက်ကိုင်တပ်ဖွဲ့၏အကူအညီကို မရယူဘဲ မိုဆူးလ်မြို့ကို မိမိတို့ပြန်လည်သိမ်းယူနိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ ကာဒစ္စတန်ဒေသသည် မိုဆူးလ်မြို့နှင့်နီးကပ်စွာ တည်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည်။

မိုဆူးလ်မြို့ကို ပြန်လည်သိမ်းယူခြင်းဖြင့် ၂၀၁၆ ခုနှစ်တွင် အိုင်အက်စ်အဖွဲ့အပေါ် အနိုင်ယူနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ် အဘာဒီက ပြောကြားသည်။

**ရိုက်တာ။**

# အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်အိုးလ်မတ် ကျခံရမည့် ထောင်ဒဏ်ကာလ လျှော့ချ

**ဂျေရုဆလင် ဒီဇင်ဘာ ၂၉**

အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်အိုးလ်မတ် ကျခံရမည့်ထောင်ဒဏ်ကာလကို ခြောက်နှစ်မှ ၁၈ လသို့ ပြင်ဆင်ပြောင်းလဲရန် တရားရုံးချုပ်က ဒီဇင်ဘာ ၂၉ ရက်တွင် ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိုးလ်မတ်သည် ယခုအခါ အသက်(၇၀)ရှိပြီး ၂၀၁၄ ခုနှစ်တွင် လာဘ်ယူမှုဖြင့် ပြစ်မှုထင်ရှားတွေ့ရှိသည်။ အိုးလ်မတ်သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ထောင်ဒဏ်ပြစ်ဒဏ်ကို စတင်ကျခံရမည်ဖြစ်ကြောင်း တရားရေးဆိုင်ရာတာဝန်ရှိသူများက ပြောကြားကြသည်။

အစ္စရေးနိုင်ငံ၌ အစိုးရအဖွဲ့အကြီးအကဲဟောင်းတစ်ဦးအား ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဂျေရုဆလင် မြို့တော်ဝန်အဖြစ် ၁၉၉၂ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ချိန်အတွင်း အိမ်ရာခြံမြေဆိုင်ရာ သဘောတူညီချက်များနှင့် သက်ဆိုင်နေသည့် လာဘ်ပေးလာဘ်ယူဆိုင်ရာစွဲချက်များကို အိုးလ်မတ်ရင်ဆိုင်ခဲ့ရသည်။

တရားရုံး၏ ပြစ်ဒဏ်စီရင်ချက်ပေါ်ထွက်ခဲ့ပြီးနောက် နိုင်ငံရေးလောကသို့ ၎င်းပြန်လည်ရောက်ရှိလာနိုင်သည်ဆိုသော ထင်ကြေးပေးပြောဆိုမှုများလည်းအဆုံးသတ်ခဲ့သည်။

အိုးလ်မတ်သည် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အမှားလုပ်ခဲ့ခြင်းမရှိဟု ၎င်းက ငြင်းဆိုခဲ့သည်။

**ရိုက်တာ။**



# တရုတ်ရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန် ပါကစ္စတန်ရေတပ်သင်္ဘောနှစ်စင်း ရှန်ဟိုင်းသို့ ရောက်ရှိ

**ရှန်ဟိုင်း ဒီဇင်ဘာ ၂၉**

ပါကစ္စတန်ရေတပ်မှ စစ်ရေယာဉ်နှစ်စင်းသည် တရုတ်ရေတပ်နှင့်စစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန်အတွက် ရှန်ဟိုင်းမြို့ပင်လယ်ဆိပ်ကမ်းသို့ ရောက်ရှိလာကြောင်း၊ တရုတ်ရေတပ်နှင့် ပါကစ္စတန်ရေတပ်တို့အကြား စစ်ဆင်ရေးလုပ်ငန်းစွမ်းဆောင်ရည်အရ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းဆောင်ရွက်ရေးတို့ ပြုလုပ်နိုင်ရန် ရည်ရွယ်ကြောင်း ယနေ့ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်နှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖြစ် ပူးတွဲရေတပ်လေ့ကျင့်မှုများ ဆောင်ရွက်ရန် ပါကစ္စတန်ရေတပ်မှ ရှမ်ရှီယာနှင့်နာဆားအမည်ရှိ စစ်ရေယာဉ်များသည် ဒီဇင်ဘာ ၂၈ ရက်တွင် ရှန်ဟိုင်းမြို့ရှိ ရေတပ်စခန်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ပါကစ္စတန်နှင့်တရုတ်ရေတပ်ဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် လေ့ကျင့်မှုများတိုးမြှင့်ဆောင်ရွက်ရေးသည် နှစ်နိုင်ငံရေတပ်သမိုင်းကြောင်းတွင် ထူးခြားမှုဖြစ်ကြောင်း ပါကစ္စတန် အမှတ် ၂၅ ဖျက်သင်္ဘောအုပ်စု၏ ဦးစီးမှူး ဘီလ်လဟ်အဗ္ဗဒူလ် နာဘီဟာက တရုတ်အစိုးရပိုင် ဂလိုဘယ်တိုင်းမ်သတင်းစာသို့ ပြောကြားသည်။

တရုတ်နှင့်ပါကစ္စတန်ရေတပ်များ၏ စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်မည့် ပါကစ္စတန်စစ်ရေယာဉ်နှစ်စင်းနှင့်အတူ ရေတပ်အရာရှိနှင့် စစ်သည် ၅၉၁ ဦး လိုက်ပါလာသည်။

ပါကစ္စတန်ရေတပ်မှ စစ်ရေယာဉ်နှစ်စင်းနှင့်ရေတပ်တပ်ဖွဲ့ဝင်များသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရန် ရှန်ဟိုင်းမြို့၌ ခြောက်ရက်ကြာနေထိုင်မည်ဖြစ်သည်။

**ဆင်ဟွာ။**



# အမှတ်(၁၃) အကြီးစားစက်ရုံခွဲ (မြင်းခြံ)နှင့် အမှတ်(၂၅) အကြီးစားစက်ရုံ(မြိုင်)တို့အား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမှတ်(၁၃) အကြီးစား စက်ရုံခွဲ ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှု စီမံကိန်း(မြင်းခြံ)သို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးကံချွန်က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ ယင်းနောက် Forging Shop အတွင်း စက်များ တပ်ဆင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစီမံကိန်း (မြင်းခြံ)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ စက်မှုဝန်ကြီးဌာနတွင် ယခင်က စက်ရုံ၊ အလုပ်ရုံ ၁၄၄ ရုံရှိရာမှ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စက်ရုံ ၃၀ အား ပုဂ္ဂလိကသို့ အပြီးအပိုင် ရောင်းချခြင်းနှင့် စက်ရုံ ၅၈ ရုံအား ပုဂ္ဂလိကသို့ ငှားရမ်းခဲ့ပါကြောင်း၊ Automobile Industry နှင့် ဆက်စပ်သည့် စက်ရုံများကိုလည်း အခြားဝန်ကြီးဌာနသို့ ထပ်မံလွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ လုပ်ဆောင်ချက်စိတ်ရင်းစေတနာများကို သိရှိနားလည်ပြီး ခံယူချက်မှန်ကန်ရန် လိုအပ်ကြောင်း၊ မိမိတာဝန်မိမိကျေပွန်ရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ထိုက်သင့်သည့် စီမံမှုများဖြင့် ဆောင်ရွက်ပေးနိုင်သည်ကို ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်လာသည့် တာဝန်များကို အထူးကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂၅) အကြီးစားစက်ရုံ (မြိုင်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

# ဒုတိယသက်တမ်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးဥပဒေနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားပြီးဖြစ်သည်။ ယင်းဥပဒေပုဒ်မ ၉ တွင် **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်သည်"**ဟု ပြဋ္ဌာန်းထားရှိသောကြောင့် လက်ရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည့်စုံရမည့် အရည်အချင်းသတ်မှတ်ချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအခန်း(၃)တွင် ဖော်ပြထားရှိပြီးဖြစ်သည့်အပြင် ပါတီနိုင်ငံရေး အသွေးအရောင်ကင်းရှင်းသည့် ပုဂ္ဂိုလ်များဖြစ်စေရန်အတွက်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၀ တွင် **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိတာဝန်ထမ်းဆောင်စဉ် သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ"** ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းနှင့်အညီ တာဝန်ပေးအပ်နိုင်ရေး ယင်းဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ၂၀၁၆ခုနှစ် ဇန်နဝါရီလအတွင်း ပြန်လည်ရွေးချယ်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)သို့ မီးသတ်ယာဉ်အသစ်တစ်စီး ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၉**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)သို့ မလေးရှားနိုင်ငံ Petronas Carigali Myanmar (Hong Kong) Limited က အဆင့်မြင့်မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် ညနေတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ ကမ်းလွန်ရေနံအခြေစိုက်စခန်းဝင်းအတွင်း ကျင်းပခဲ့ရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အခြေစိုက်စခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် ရေနံကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

အခမ်းအနားတွင် PCML မှ တာဝန်ရှိသူ Ms. Nguyen Thi Thu Hien က မီးသတ်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား အထွေထွေမန်နေဂျာ ဦးကျော်ဉာဏ်ထွန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး အထွေထွေမန်နေဂျာက ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)မီးသတ်တပ်ဖွဲ့က အဆိုပါမီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုအား သရုပ်ပြသသည်။ အဆိုပါမီးသတ်ယာဉ်မှာ ဂျာမနီနိုင်ငံလုပ် MAN အမျိုးအစားဖြစ်ပြီး ရေနံဓာတုပစ္စည်းများ ငြိမ်းသတ်ရေးအတွက် အထူးတည်ဆောက်ထားခြင်းဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုံးသိန်းကျော်ဖြစ်သည်။

ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)မှာ မြန်မာနိုင်ငံ၏ ရေနံလုပ်ငန်းတွင် တစ်ခုတည်းသော ထောက်ပံ့ရေးစခန်းတစ်ခုဖြစ်ပြီး ယခုကဲ့သို့ မီးသတ်ယာဉ်အသုံးပြုနိုင်ခြင်းကြောင့် အဆိုပါစခန်းအတွင်း မီးဘေးလုံခြုံရေးအတွက် ထိထိရောက်ရောက်ကာကွယ်နိုင်ပြီး အထောက်အကူရရှိနိုင်ကြောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့်လည်း ယင်းထောက်ပံ့ရေးစခန်း Offshore Supply Base များကို ယခုထက်ပို၍ လိုအပ်သောနေရာများတွင် တိုးချဲ့တည်ဆောက်ပြီး စီမံခန့်ခွဲရန် စီစဉ်လျက်ရှိပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော SHELL MYANMAR ENERGY PTE .LTD., သည် ရခိုင်ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက်အမှတ် AD-9/11 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS AMANI ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဧပြီ ၃၀ ရက်အထိ အောက်ဖော်ပြပါ ဧရိယာတည်နေရာများအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 18° 4' 38" N | 90° 29' 11" E |
| B | 19° 2' 19" N | 91° 9' 35" E |
| C | 19° 2' 25" N | 91° 20' 21" E |
| D | 18° 59' 45" N | 91° 19' 49" E |
| E | 19° 00' 05" N | 92° 08' 52" E |
| F | 18° 27' 49" N | 92° 08' 52" E |
| G | 18° 15' 23" N | 92° 00' 02" E |
| H | 18° 15' 04" N | 91° 17' 25" E |
| I | 18° 05' 06" N | 91° 10' 25" E |

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက်အမှတ် AD-9/11 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS AMANI ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

**(ကြေးမုံ)**

# မြို့တွင်းလမ်းများ ပြုပြင်မွမ်းမံ

**သီပေါ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာနသည် ပွင့်လင်းရာသီချိန်၌ မြို့တွင်းရှိ လမ်းများကို ပြုပြင်ခြင်း၊ လမ်းပေါက်များ ဖာထေးမွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ သီပေါမြို့တွင်းလမ်းများ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို မြို့နယ်အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်၏ ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာများနှင့် စည်ပင်ဝန်ထမ်းများက ဒုတိယအကြိမ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# ဘိန်းဖြူနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက်က ဗန်းမော် - ကသာ - အင်းတော်ကားလမ်း လမ်းခွကျေးရွာ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်တွင် ကသာမြို့ဘက်မှ အမျိုးသားနှစ်ဦး စီးနင်းလာသည့် ဆိုင်ကယ်ကို ရှာဖွေရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ စိုးကျော်အား ဖမ်းဆီးရမိပြီး ထွက်ပြေးသွားသူမှာ သန်းထွန်းဖြစ်ကြောင်း၊ စိုးကျော်အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် နှစ်ခွက် (အလေးချိန် သုည ဒသမ ၀၂၂ ကီလို) သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၂၇ ရက်က ဝိုင်းမော်-ဆဒုံးသွား ကားလမ်းမပေါ်တွင် ဆဒုံးမြို့ဘက်မှ ဝိုင်းမော်မြို့ဘက်သို့ ဇော်ထွယ်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၂ ဒသမ ၅ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**



ဇော်ထွယ်အောင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြထားသော ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးသတင်း စာကြောင်းရေ (၄)ကြောင်းမြောက်တွင် "နှစ် ၅၀ ကာလအတွင်း" အစား "လ ၅၀ ကာလအတွင်း" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

ဥတုရာသီ
တောကိုမို၏

# ရန်ကုန်မှာ BRT ဘာကြောင့်လို

ဒေါက်တာမောင်အောင်

*(ဒီဇင်ဘာ ၂၇ ရက်နေ့မှအဆက်)*

တစ်ဖက်တွင်လည်း ရန်ကုန်သို့ ကားသစ်များ ဝင်ရောက်လာမှုကို ကန့်သတ်နိုင်ရန် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်၍ ရန်ကုန်အတွက် အသုံးပြုရန် ကားတင်သွင်းလိုသူများအနေဖြင့် ကားထားမည့်နေရာ (parking) ပြသနိုင်မှသာ တင်သွင်းခွင့်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ပထမ (၃-၄) လ လောက်ထိ ထိန်းနိုင်သော်လည်း နောက်ပိုင်းတွင် မြေရှိသူများ၊ ငွေရှိ၍ ကားတင်သွင်းလိုသူများ ပူးပေါင်းလာမှုကြောင့် နောက်ပိုင်း ကားတင်သွင်းမှုပြန်တက်လာခဲ့သည်။ မကြာသေးမီက အမှန်တကယ် ကား parking များတွင် ရပ်/မရပ် ကွင်းဆင်းစစ်ဆေးမှု ပြုလုပ်သည့်အခါ ကားအများစုမှာ လမ်းကြို၊ လမ်းကြားများတွင် ထားရှိသည့်အတွက် ဒဏ်ကြေးငွေကျပ်တစ်သိန်း ကောက်ခံခဲ့သည့်နောက်ပိုင်း ရန်ကုန်အတွက် ကားတင်သွင်းမှု လျော့ချနိုင်ခဲ့သော်လည်း ရေရှည်သုံးသင့်သည့်နည်းလမ်းမဟုတ်ပေ။

**ရန်ကုန်အတွက် COE**

ကား parking စနစ်အနေဖြင့်လည်း အားနည်းချက်များစွာရှိသလို ရပ်ကွက်အဆင့် အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ရရှိနိုင်ရန် လာဘ်ငွေကိစ္စများလည်း ကြားနေရသည်။ အမှန်တကယ်မှု ထိရောက်မှုရှိပြီး ထင်သာမြင်သာရှိစေရန် လုပ်ဆောင်ရတော့မည့် ရန်ကုန်အတွက် ကားသစ်များဝယ်ယူတင်သွင်း အသုံးပြုလိုပါလျှင် COE (Certificate of Entitlement) ဝယ်ယူအသုံးပြုခွင့်လက်မှတ်စနစ်သို့ ပြောင်းလဲရေးပင်ဖြစ်သည်။ အချိန်ပေါ်မူတည်၍ ရန်ကုန်၏ တည်ရှိသော လမ်း၊ တံတား အခြေအနေများအရ ရှိသင့်သည့် ကားအစီးအရေအတွက် တစ်ခုကို သတ်မှတ်ပြီး အဆိုပါကာလအတွင်း ဖျက်သိမ်းသောကားများ၊ နယ်ပြောင်းသည့်ကားများအပေါ် မူတည်၍ ကားသစ်ကို ဝယ်ယူတင်သွင်းစေခြင်းဖြစ်သည်။ open tender စနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူရသောကြောင့် ထင်သာမြင်သာရှိသလို COE ရန်ပုံငွေသည် နိုင်ငံတော်ဘတ်ဂျက်သို့ တိုက်ရိုက်ဝင်သည့်အတွက် လိုအပ်သည့် အများပြည်သူနှင့်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးအတွက် ရန်ပုံငွေတစ်ရပ်ကို ရရှိစေပါသည်။ အကယ်၍ တစ်လချင်း ကားလိုအပ်မှုများလျှင် COE ဈေးနှုန်း သက်သာသော်လည်း ကားလိုအပ်ချက်နည်းလျှင်မူ COE ဈေးနှုန်းမြင့်တက်လေ့ရှိသည်။ ထို့အတွက် တစ်ခါတစ်ရံတွင် ဝယ်ယူတင်သွင်းသည့် ကားဈေးနှုန်းထက် COE ဈေးနှုန်းက မြင့်သည့်အခါမျိုးလည်း တွေ့ကြုံရမည်ဖြစ်သည်။

**ရန်ကုန်သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (Yangon Transport Authority)**

လူဦးရေထူထပ်သည့် metropolitin အဆင့်ရှိသည့် မြို့ကြီးတိုင်း၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို သီးခြားလွတ်လပ်မှုရှိသည့် transport authority ဖွဲ့စည်းတာဝန်ပေးကာ လုပ်ဆောင်လေ့ရှိကြသည်။ လက်ရှိ ရန်ကုန်၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူလုပ်ဆောင်နေပြီး ဝန်ကြီးဌာနများပါ အကျုံးဝင်သည့်အတွက် အချို့ကိစ္စများ ပေါင်းစပ်ညှိနှိုင်းမှုများ ကြန့်ကြာမှုများ ကြုံတွေ့ကြရသည်။ အမှန်တကယ်ဆိုလျှင် လူဦးရေထူထပ်လာသလို တိုင်းပြည်စီးပွားရေးတွင် အချက်အချာအကျဆုံးနှင့် နိုင်ငံတကာလုပ်ငန်းကြီး ဝင်ရောက်လာမှု သိသိသာသာတိုးပွားလာမှုတို့ကြောင့် ရန်ကုန်မြို့၏ သွားလာမှုအဆင်ပြေချောမွေ့စေရေး အထူးအရေးကြီးလာသည့်အချိန်အခါပင်ဖြစ်သည်။ ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများချမှတ်ကာ တည်ဆောက်ရေးလုပ်ငန်းများ၊ ဘက်စုံသယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ ဘက်စုံ ပေါင်းစည်းသည့် သယ်ယူပို့ဆောင်ရေးကွန်ရက်၊ (integrated transport network) တည်ဆောက်ရေး၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်၍ အများပြည်သူအသုံးပြုနိုင်သည့် ယာဉ်စီးခနှုန်းထား ဖော်ဆောင်ရေး၊ ယာဉ်များ စည်းကမ်းရှိစေရေးနှင့် ယာဉ်ကြောကျပ်မှုလျော့နည်းစေသည့် အုပ်ချုပ်မှုဆိုင်ရာ နည်းလမ်းများ၊ ထိရောက်သည့် အရေးယူမှု စသည်တို့ဖြင့် ကျယ်ပြန့်သည့်အတွက်လည်း ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန် သီးခြားလွတ်လပ်သည့် အာဏာပိုင်အဖွဲ့လိုအပ်ပေသည်။

**ဘက်စုံဖြေရှင်းရမည့် အများပြည်သူသွားလာရေး**

ရန်ကုန်မြို့၏ အများပြည်သူသွားလာမှု အဆင်ပြေစေရေးအတွက် လည်းကောင်း၊ ယာဉ်ကြောကျပ်မှုကြောင့် ကားဖြင့် သွားလာရေးခက်ခဲနေမှုကိုလည်းကောင်း၊ ထို့ပြင် လမ်းကို အသုံးပြုသည့် ဘတ်စ်ကား၊ အငှားယာဉ်နှင့် ကိုယ်ပိုင်ယာဉ်များ၊ လမ်းအသုံးပြုသည့် အခြားအနေးယာဉ်များ၊ လမ်းဖြတ်ကူးသူများ၊ လမ်းဘေးဈေးသည်များ စသည်တို့ စည်းကမ်းလိုက်နာမှုပိုမိုမြင့်တက်လာစေရန် လည်းကောင်း ဦးစားပေးလုပ်ဆောင်ရမည့် အစီအစဉ်များရှိသလို ထိရောက်သည့် ဥပဒေကြောင်းအရ ထိန်းသိမ်းမှုပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အတွက်လည်း အချိန်တစ်ခုတော့ ပေးရဦးမည်ဖြစ်သည်။

ရေရှည်အတွက်ဆိုလျှင် စီးပွားရေးလုပ်ငန်းများဇုန် commercial business zone အသစ်များ လက်ရှိ ရန်ကုန်မြို့လယ်မှ အခြားမြို့သစ်များ ဖော်ထုတ်ကာ ပြောင်းရွှေ့ရတော့မည်ဖြစ်သည်။ လက်ရှိ ရန်ကုန်မြို့သည် နှစ်ပေါင်း (၁၀၀)ကျော်ကတည်းက တည်ဆောက်ခဲ့ပြီး ၁၉၆၀ ခုနှစ်များအထိ အရှေ့တောင်အာရှတွင် သန့်ရှင်းသပ်ရပ်ပြီး နေချင်စဖွယ်အကောင်းဆုံးမြို့ဖြစ်ခဲ့ခြင်းမှာ ထိုအချိန်က ရန်ကုန်မြို့ လူဦးရေသိန်းဂဏန်းမျှသာရှိပြီး ရှိသည့်ယာဉ်စီးရေ အနည်းအကျဉ်းအတွက် ပြဿနာမရှိသည့်အပြင် မြို့ပြထွန်းကားမှုနည်းသေး၍လည်းဖြစ်သည်။ လမ်း infrastructure နှင့်ပတ်သက်၍ ယခုအခါ နိုင်ငံတကာ၏ မြို့ကြီးတိုင်း ကျယ်ဝန်းသည့် အဓိကလမ်းမကြီးများရှိသလို လမ်းဆုံလမ်းခွနေရာများတွင် နေရာအကျယ် ယူထားလေ့ရှိပြီး နှစ်ထပ်ကွေ့လမ်းများ၊ terminal များ၊ ပတ်လမ်းများ စသည်တို့ဖြင့် Traffic Jam မဖြစ်အောင် စီမံလေ့ရှိသည်။

ရန်ကုန်အတွက်ဆိုလျှင် အကျယ်ဆုံးမှာ ခြောက်လမ်းသွားဖြစ်ပြီး လမ်းအရေအတွက် အနည်းငယ်သာရှိသည်။ လမ်းဆုံနေရာများတွင် မြေကွက်ဧရိယာမရှိသည့်အတွက်လည်း နှစ်ထပ်၊ သုံးထပ်တံတားများ တည်ဆောက်ပြီး Traffic Jam လျော့နည်းစေရန် လုပ်ဆောင်နိုင်မှုမလုပ်နိုင်ပေ။ ဆိုလိုသည်မှာ လက်ရှိယာဉ်အရေအတွက် တစ်နေ့တခြား တိုးပွားလာနေသည့် လူဦးရေ၊ အဆောက်အအုံသစ်များ တည်ဆောက်လာမှုကြောင့်လည်း မြို့ဧရိယာနှင့်ယှဉ်လျှင် ကျပ်ညပ်လာပြီဖြစ်သည်။

**ရေပေါ် အငှားအမြန်ယာဉ် water taxi**

ရန်ကုန်မြို့၏ Traffic Jam ကို အခြားဖြေလျော့နိုင်သည့် နည်းလမ်းတစ်ရပ်မှာ သဘာဝအရရှိနေသည့် ရန်ကုန်မြစ်တစ်လျှောက်နှင့် ငမိုးရိပ်ချောင်းတစ်လျှောက် ရေပေါ် taxi ဟုခေါ်သည့် အပေါ့စား အမြန်ယာဉ်များ ပြေးဆွဲစေခြင်းပင်ဖြစ်သည်။ နိုင်ငံတကာရှိ မြို့ကြီးများတွင် မြစ်၊ ချောင်း သို့မဟုတ် တူးမြောင်းရှိလျှင် ၎င်းတို့ကိုအသုံးပြု၍ ရေကြောင်းသွားလာရေးကို အပေါ့စား အမြန်ယာဉ်စနစ်ဖြင့် ပြေးဆွဲနေမှုကြောင့် ကားအသုံးပြုရန်မလို၍ Traffic Jam လျော့စေသလို water taxi ဖြင့် လိုရာခရီးသို့ ကားစီးသည့်အချိန်ထက် လျော့နည်းစွာရောက်ရှိလေ့ရှိသည်။ ဥပမာဆိုလျှင် ဘန်ကောက်မြို့တွင် ကျောက်ဖရားမြစ်တစ်လျှောက် အမြန်ရေယာဉ်ငယ်များ ပြေးဆွဲပေးမှုကြောင့် အချိန်တိုအတွင်း ခရီးသည်များ လိုရာခရီးသို့ သယ်ယူပို့ဆောင်ပေးနေကြောင်း တွေ့ရသည်။ အစိုးရ ကိုယ်တိုင်လုပ်စရာမလိုဘဲ စီမံခန့်ခွဲမှုအပိုင်းကိုသာ လုပ်ဆောင်ပြီး ပုဂ္ဂလိကကုမ္ပဏီများကို စနစ်တကျ ဆောင်ရွက်စေသည်။ ထို့အတူ ရုရှားနိုင်ငံတွင်လည်း မော်စကိုမြစ်တစ်လျှောက် အပေါ့စား အမြန်စားယာဉ်များဖြင့် ခရီးသည်များ သယ်ယူပို့ဆောင်ပေးနေသည်။ ထို့ပြင် နိုင်ငံတကာမှ လာရောက်လည်ပတ်သူများ (tourists) အတွက် မြစ်ကြောင်းတစ်လျှောက် လှည့်ပတ်ကြည့်ရှုနိုင်ရေး အထူးရေယာဉ်များ ဆောင်ရွက်ပေးမှုကြောင့်လည်း နိုင်ငံခြားငွေ ရရှိနိုင်သည့် အရေးပါသော ဝန်ဆောင်မှုလုပ်ငန်းလည်း ဖြစ်ပေသည်။ နောက်တစ်ဆင့်မှာ ဇိမ်ခံဝန်ဆောင်မှုများကို ရွှေ့လျားအထူးရေယာဉ်များဖြင့်ပေးခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ရန်ကုန်အနောက်ဘက်ရှိ လှိုင်မြစ်ကြောင်းတစ်လျှောက်နှင့် အရှေ့ဘက်ငမိုးရိပ်ချောင်းတစ်လျှောက် ရေပေါ်အမြန်စနစ်ဖြင့် ခရီးသည်ပို့ဆောင်မှုကိုလည်း မဖြစ်မနေ စတင်သင့်ပြီဖြစ်သည်။

**အလိုအလျောက်ခေတ်မီမီးပွိုင့်စနစ်နှင့် ဗဟိုထိန်းချုပ်စင်တာ တည်ဆောက်ရေး**

ယာဉ်ကြောပိတ်ဆို့မှု အနည်းဆုံးဖြစ်စေရန် မီးပွိုင့်များကို လူဖြင့်ခလုတ်နှိပ်ကာ စီမံထိန်းသိမ်းနေမှုအစား အဆင့်မြင့်နည်းပညာအခြေခံ ခေတ်မီမီးပွိုင့်စနစ်သို့ ပြောင်းလဲရေးပင်ဖြစ်သည်။ ၎င်းစနစ်မှာ လမ်းကြောအသီးသီးရှိ ယာဉ်စီးရေပမာဏ (traffic volume) ပေါ်အခြေခံပြီး ဆက်စပ်နေသည့် မီးပွိုင့်များ အချိန်အားဖြင့် လိုက်လျောညီထွေဖြစ်စေမည့်စနစ် (synchronized traffic light system) ဖြစ်၍လည်း မီးပွိုင့်များကို အချိန်အမြန်ဆုံးဖြတ်ကျော်နိုင်ရေးအတွက်ပါ ဆောင်ရွက်နိုင်သည်။ CCTV ကင်မရာများ ၊ အဝေးကြည့်နိုင်သည့် zoom ကင်မရာများ ပါဝင်သည့်အတွက် e-police (electronic police) စနစ်ဖြင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို ထိရောက်စွာ အရေးယူနိုင်တော့မည်ဖြစ်၍ ခေါင်းတိုးဝင်ခြင်း၊ မီးနီဖြတ်ခြင်း၊ ရပ်မျဉ်းမရပ်ခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်းစသည်တို့ကို သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သည်။ စည်းကမ်းဖောက်သည့် ယာဉ်၏ နံပါတ်ပြားကိုပါ ဗီဒီယိုကင်မရာများဖြင့် တွေ့ရှိနိုင်မှုကြောင့် မည်သူမျှ မငြင်းနိုင်ပေ။ ထို့ပြင် မီးပွိုင့်အားလုံးကို ဗဟိုထိန်းချုပ်စခန်းမှ ကြည့်ရှုစစ်ဆေးနိုင်ပြီး လိုအပ်သည့် စီမံကွပ်ကဲမှုကိုပါ လုပ်ဆောင်နိုင်သည့်အတွက်လည်း အရေးပေါ်အခြေအနေများအတွက်ပါ စီမံကွပ်ကဲနိုင်ပေသည်။ အချိန်အလိုက် လမ်းများပေါ်ရှိ ယာဉ်အရေအတွက်ကို မှတ်တမ်းများရရှိမည်ဖြစ်၍လည်း လမ်းများအလိုက် လိုအပ်သည့် အစီအမံများ ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ယာဉ်ထိန်းရဲများက မီးပွိုင့်ကို စီမံကွပ်ကဲရာတွင် မိမိမျက်စိအမြင်အရ ဆုံးဖြတ်ရသည်ဖြစ်၍ အချိန်ကြာခြင်း၊ အခြားယာဉ်ကြောများ၌ တန်းစီသည့်ကားများ ပိုမိုလှုပ်ရှားခြင်း၊ တစ်ဖက်ယာဉ်ကြောရှင်းမှုကြောင့် ယာဉ်ကြောပြောင်းပြန်မောင်းမှုများဖြစ်ပေါ်ခြင်း၊ ဆန့်ကျင်ဘက်အနေဖြင့် မီးပွိုင့်အခြားဘက်ယာဉ်ကြော လုံးဝရှင်းနေခြင်း စသည်တို့ တွေ့မြင်ကြရသည်။ ဆိုလိုသည်မှာ လက်ရှိလူဖြင့် ထိန်းသိမ်းစီမံသည့် မီးပွိုင့်စနစ်ကြောင့်လည်း ယာဉ်ကြောကျပ်မှု ထိထိရောက်ရောက် မဖြေရှင်းနိုင်သေးကြောင်း တွေ့ရသည်။ သို့သော် မီးပွိုင့်မရှိသည့်နေရာများ၊ အထူးသဖြင့် အဝိုင်းများတွင် ယာဉ်ထိန်းရဲများ မရှိလျှင်လည်း ကိုယ်ပိုင်အသိဖြင့် မည်သူကမျှ အလျှော့မပေးသောကြောင့် အဆင်မပြေပေ။

လက်ရှိ ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်မှုတွင် မီးပွိုင့်များအဆင့်မြှင့်ရန် အထူးအရေးပါကြောင်းနှင့် ၁၉၆၀ ခုနှစ်ဝန်းကျင် တိုကျိုမြို့၏ ယာဉ်ကြောပိတ်မှုသည် ယနေ့ရန်ကုန်၏ ယာဉ်ကြောပိတ်မှုနှင့် အလားတူပြီး မီးပွိုင့်များတွင် ယာဉ်ထိန်းရဲဖြင့် ဖြေရှင်းပေးခဲ့၍ အဆင်မပြေကြောင်း၊ ယင်းနောက်ပိုင်း မီးပွိုင့်များအားလုံး ချိတ်ဆက်ထားသည့် အလိုအလျောက် ထိန်းချုပ်စနစ် ( automatic control system ) လုပ်ဆောင်နိုင်ခဲ့သည့်အတွက် တိုကျိုမြို့၏ ယာဉ်ကြောပိတ်မှုကို ၃၀ ရာခိုင်နှုန်းဝန်းကျင်လျှော့ချနိုင်ခဲ့ကြောင်း ဂျပန်မြို့ပြဆိုင်ရာကျွမ်းကျင်သူများက မီးပွိုင့်များ ခေတ်မီတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ယခုအခါ နိုင်ငံတော်ဘတ်ဂျက်မှ ကျပ် ၂၀ ဘီလီယံကို ခေတ်မီမီးပွိုင့်အဆင့်မြှင့်တင်ရေးအတွက် ချမှတ်ပေးထားပြီး open tender စနစ်ဖြင့် ပြည်တွင်းကုမ္ပဏီများ၊ ပြည်တွင်းနှင့်ပြည်ပ ဖက်စပ်ကုမ္ပဏီများအား ဖိတ်ခေါ်ခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်သည့် လုပ်ငန်းအဆိုပြုလွှာ (project proposal) တင်သွင်းသူ ကုမ္ပဏီ ၂၂ ခု ရှိခဲ့ပြီး အများစုမှာ ဖက်စပ်ကုမ္ပဏီများဖြစ်သည်။ အထူးသဖြင့် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင် စသည့် အတွေ့အကြုံရှိသည့် ကုမ္ပဏီများပါဝင်သည်။ ယင်းတို့အနက်မှ အသင့်တော်ဆုံး နည်းပညာဝန်ဆောင်မှု ပြုပြင်ထိန်းသိမ်းမှု၊ ဈေးနှုန်းများအပေါ် အခြေခံ၍ ရွေးချယ်မည်ဖြစ်၍ ခေတ်မီမီးပွိုင့်စနစ် မကြာမီပေါ် ထွန်းလာတော့မည်ဖြစ်သည်။ ခေတ်မီမီးပွိုင့်စနစ်နှင့် control center သာ ပေါ်ပေါက်လာလျှင် မီးပွိုင့်များတွင် ယာဉ်ကြောပိတ်မှု သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သည်။

**မြှင့်တင်ရမည့် တစ်ဦးချင်းစည်းကမ်းလိုက်နာရေးနှင့် ထိရောက်သည့်အရေးယူမှု**

ရန်ကုန်၏ ယာဉ်ကြောကျပ်မှုတွင် ယာဉ်စီးရေများလာမှုသည် အခြေခံအကြောင်းရင်းပင်ဖြစ်သော်လည်း မော်တော်ယာဉ်များ၊ လမ်းအသုံးပြုသူများ၊ လမ်းပေါ်တွင် ဈေးရောင်းသူများ စသည်တို့၏ စည်းကမ်းပိုင်းလိုက်နာမှု လျော့ရဲလာမှုများကြောင့် ပိုမိုဆိုးရွားနေခြင်းဖြစ်သည်။ ယာဉ်မောင်းများအနေဖြင့်ကြည့်လျှင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းနေပြီး ဘတ်စ်ကားမောင်းသူများနှင့် အငှားယာဉ် (taxi) မောင်းသူများအနေဖြင့် မိမိတို့ အဆင်ပြေဖို့အတွက်သာ အများစုက လုပ်ဆောင်နေမှုကြောင့်လည်းဖြစ်သည်။ မြို့တွင်းယာဉ်ကြောပိတ်မှုတွင် မီးပွိုင့်များ၌ မီးဝါလျှင် ရပ်မျဉ်းတွင် ရပ်ရမည်ဖြစ်သော်လည်း မရပ်ဘဲ ဆက်တိုက်တိုးဝင်နေမှုများ တွေ့မြင်နေရသည်။ လက်ရှိ ဘတ်စ်ကားစနစ်တွင် တစ်ဦးချင်းပိုင်ဆိုင်ပြီး owner ကြေးသတ်မှတ်ကာ မောင်းနှင်စေသည့်အတွက် လမ်းပေါ်တွင် စည်းကမ်းပျက်နေခြင်းဖြစ်သည်။ ယာဉ်မောင်းသူများ တစ်ဦးချင်းမှစ၍ စည်းကမ်းပိုင်းနှင့် ကျင့်ဝတ်ပိုင်း ယခုထက် ပိုမိုကောင်းမွန်စေရန် ကြိုးစားရမည်ဖြစ်သည်။ taxi ယာဉ်မောင်းအများစု ကွမ်းစားသည့်အတွက် လမ်းပေါ်သို့ ကွမ်းတံတွေးထွေးသည့်အကျင့်မှာ ရုပ်ဆိုးလှသည်။ ထို့အတူ ကားပေါ်မှ အမှိုက်ပစ်ချခြင်းကိုလည်း မကြာမကြာ တွေ့နေရဆဲဖြစ်သည်။ ယာဉ်မရပ်ရသည့်နေရာများတွင် ရပ်ခြင်းများ ရှိနေဆဲပင်ဖြစ်သည်။ ထို့အတူ လမ်းဖြတ်ကူးသူများအနေဖြင့် မျဉ်းကျားများမှသာ ဖြတ်ကူးရန်ဖြစ်သော်လည်း ကြုံရာနေရာတိုင်းမှ ကူးနေဆဲပင်ဖြစ်သည်။ ပို၍ဆိုးသည်မှာ လူကူးခုံးကျော်များရှိသည့် နေရာများတွင်ပင် ခုံးတံတားပေါ်မှမဖြတ်ဘဲ ကူးနေမှုများတွေ့နေရသည်။ ထို့အတူ လမ်းဘေးဈေးသည်များ၏ စည်းကမ်းပိုင်း ပို၍ လျော့နည်းလာကြောင်း တွေ့ရသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

**ရန်ကုန်မြို့၏ အများပြည်သူသွားလာမှု အဆင်ပြေစေရေးအတွက် လည်းကောင်း၊ ယာဉ်ကြောကျပ်မှုကြောင့် ကားဖြင့် သွားလာရေးခက်ခဲနေမှုကိုလည်းကောင်း၊ ထို့ပြင် လမ်းကို အသုံးပြုသည့် ဘတ်စ်ကား၊ အငှားယာဉ်နှင့် ကိုယ်ပိုင်ယာဉ်များ၊ လမ်းအသုံးပြုသည့် အခြားအနေးယာဉ်များ၊ လမ်းဖြတ်ကူးသူများ၊ လမ်းဘေးဈေးသည်များ စသည်တို့ စည်းကမ်းလိုက်နာမှု ပိုမိုမြင့်တက်လာစေရန် လည်းကောင်း ဦးစားပေးလုပ်ဆောင်ရမည့် အစီအစဉ်များရှိသလို ထိရောက်သည့် ဥပဒေကြောင်းအရ ထိန်းသိမ်းမှုပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အတွက်လည်း အချိန်တစ်ခုတော့ပေးရဦးမည်။**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောက်ဖြူအထူးစီးပွားရေးဇုန် သတ်မှတ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ အထူးကုန်စည်ခွန် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ရှင်းလင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ ဆောင်ရွက်သည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ဆွေးနွေးကြသည်။

ရှမ်းပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက ကျောက်ဖြူအထူးစီးပွားရေးဇုန် သတ်မှတ်ကြေညာကာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်ကိစ္စသည် နိုင်ငံတော်နှင့် ရခိုင်ပြည်နယ် အကျိုးဖြစ်ထွန်းမည်ဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း၊ လက်ရှိအစိုးရအဖွဲ့၏ ကျန်ရှိသည့် သက်တမ်းအတွင်း စီမံကိန်းကို ဆက်လက်ဆောင်ရွက်ရန် အခက်အခဲများစွာရှိနိုင်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ၏ အစိုးရသက်တမ်းငါးနှစ်တွင် ကာလတိုစီမံကိန်းများကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သော်လည်း ကာလလတ်၊ ကာလရှည်စီမံကိန်းများ ဆောင်ရွက်ရာတွင် အစိုးရအဆက်ဆက် လွှဲပြောင်းရမည်မှာ လုပ်ငန်းသဘာဝ ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းနှင့်ပတ်သက်၍ နယ်နိမိတ်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူသင့်ပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ခြင်းကို လာမည့်အစိုးရလက်ထက်တွင် ပိုမိုပြည့်စုံစွာ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်အတွက် အကျိုးရှိအောင် အစိုးရအဆက်ဆက် လွှဲပြောင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။



ရှမ်းပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး။



ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းသည် နိုင်ငံတော်နှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ သို့သော် စီမံကိန်းလုပ်ငန်း ပမာဏ ကြီးမားသည့်အတွက် စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ပြုလွယ်ပြောင်းလွယ်သည့် သဘောတူညီမှုများရှိရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင်က ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် သဘာဝက ထူးခြားစွာပေးထားသော တန်ဖိုးရှိသည့် ရေနက်ဆိပ်ကမ်းတစ်ခုဖြစ်သည့်အတွက် ရေနက်ဆိပ်ကမ်း တည်ဆောက်ရန် ဆောင်ရွက်ခြင်းကို ကြိုဆိုပါကြောင်း၊ ထို့ပြင် ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် BICM Economic Corridor ၏ လမ်းကြောင်းတွင် တည်ရှိပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် မဟာဗျူဟာမြောက် မိတ်ဖက်၊ နိုင်ငံရေးမိတ်ဖက်၊ စီးပွားရေး မိတ်ဖက်စသည့် ဆက်စပ်မှုများကို အကျိုးရှိရှိအသုံးချရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာ မိတ်ဖက်ကောင်းမွန်သည့် ကုမ္ပဏီများ၏ပါဝင်မှုကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ရခိုင်တိုင်းရင်းသားများအပြင် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် နောင်လာမည့် အစိုးရသည် ယခုသဘောတူညီချက်များကို ဆက်လက်တာဝန်ယူကာ နိုင်ငံသားများအကျိုးအတွက် အကောင်းဆုံး ဆောင်ရွက်ပေးနိုင်အောင် ပြုလွယ်ပြောင်းလွယ်နိုင်သည့် သဘောတူညီချက်များ ထည့်သွင်းရေးဆွဲပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် အထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်နာယက က ယခုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စီးပွားရေးဇုန်တည်ဆောက်မှုကို လိုလားနှစ်ခြိုက်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သဘောတူ၊ မတူ ဆုံးဖြတ်ရန်ဖြစ်ပါကြောင်း၊ ကျန်သည့် Business Model မှာ နောင်တက်လာမည့် အစိုးရနှင့်အဖွဲ့အစည်းများက ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အထူးကုန်စည်ခွန် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များနှင့်အညီ အတည်ပြုပေးစေလိုကြောင်းရှင်းလင်းကာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ကချင်ပြည်နယ် ဖားကန့်ဒေသနှင့်ပတ်သက်ပြီး ကချင်ပြည်နယ် ဖားကန့်ဒေသ၌ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်မည့် နည်းလမ်းသုံးခုနှင့် စပ်လျဉ်း၍ ဘက်ပေါင်းစုံမှ ပြန်လည်သုံးသပ်၍ အကျိုးရှိမည့်နည်းလမ်းများကို အလေးအနက်ထား ပြန်လည်သုံးသပ်စီမံဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးသာအောင်ညွန့် ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မောရစ်ရှပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ပေါ့(ထ်)လူးဝစ်မြို့၌ မောရစ်ရှပ်သမ္မတနိုင်ငံ သမ္မတမစ္စစ် အမီနာ ဂူရစ်ဘ်-ဖာကမ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပမည့် ၂၀၁၆ ခုနှစ် ဧပြီ ၂၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အထိမ်းအမှတ် ပြိုင်ပွဲများကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အသိအမြင်များ တိုးပွားစေပြီး ဖန်တီးတီထွင်မှုများကို မြှင့်တင်နိုင်စေရန်ရည်ရွယ်၍ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် ပြိုင်ပွဲဝင်လက်ရာများ ပေးပို့နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲများတွင် စက်မှုဒီဇိုင်းဖန်တီးမှုပြိုင်ပွဲကို Furniture Design ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင် စက်မှုဒီဇိုင်းလက်ရာများအနက်မှ အကောင်းဆုံး လက်ရာရှင် သုံးဦးကို ရွေးချယ်ပြီး ၂၀၁၆ ခုနှစ် ဧပြီ ၂၆ တွင် ကျင်းပမည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဆိုင်ရာ စည်းကမ်းချက်များအနေဖြင့် ပြိုင်ပွဲဝင်တစ်ဦး သို့မဟုတ် တစ်ဖွဲ့သည် ပြိုင်ပွဲဝင်လက်ရာတစ်ခုကိုသာ တင်သွင်းရန်နှင့် ပြိုင်ပွဲဝင်လက်ရာသည် အသစ်ဖြစ်ပြီး ကိုယ်တိုင်တီထွင်ဖန်တီးထားခြင်းဖြစ်ရမည်။ ပြိုင်ပွဲဝင် ဒီဇိုင်းလက်ရာများကို drawing paperဖြင့် ရေးဆွဲရမည်ဖြစ်သည်။

ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် တေးသီချင်း ပြိုင်ပွဲတွင် ဆောင်းပါး၊ ကဗျာပြိုင်ပွဲ၊ ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင် ယှဉ်ပြိုင်ခွင့်ရှိသည်။ ဆောင်းပါးစာမူသည် စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း (၂) စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်ရမည်။ ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း(၂)စောင် ပေးပို့ရမည်။ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀) အတွင်းရှိရမည်။ တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့်သီဆိုနိုင်ပြီး ပရိသတ် နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်သီချင်းဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို ကွန်ပျူတာ သို့မဟုတ် လက်နှိပ်စက်ဖြင့် ရေးသားပြီး မူရင်း(၁)စောင်ကို ဂီတသင်္ကေတ မူရင်း(၁)စောင်နှင့် အတူပေးပို့ရမည်။ ကာတွန်းကို ပုံဆွဲစက္ကူဖြင့် ၁၅"x၂၀" အရွယ် ရေးဆွဲရမည်။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေး အသုံးပြုနိုင်သည်။

ပြိုင်ပွဲဝင်အားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၂)ပုံ၊ အမည်အရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသားသီကုံးသူဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်။ ရွေးချယ်ခြင်း မခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော်သို့ ၂၀၁၆ ခုနှစ် မတ် ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၄၅၀၇၊ ဖက်စ်-၀၆၇-၄၀၄၀၁၁ email: ipday 2016.apc@gmail.com သို့ ဆက်သွယ်ပေးပို့နိုင်သည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ပြည်သူအားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

**●ရန်ကုန်မြို့မှ**

မှာ Automatic Control System သုံးပြီး ယာဉ်ကြောပိတ်ဆို့တဲ့နေရာတွေအတွက် ထိန်းချုပ်ဖြေရှင်းမယ်” ဟုပြောသည်။

ရန်ကုန်မြို့တွင် လက်ရှိတပ်ဆင်ထားသည့် မီးပွိုင့်များသည် Manual (လူဖြင့်ထိန်းချုပ်သည့်စနစ်) ဖြစ်ပြီး တစ်ဖက်ကို ဦးစားပေးလွှတ်လိုက်ပါက တစ်ဖက်တွင် ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုများအား ရင်ဆိုင်နေရသည့်အပြင် မီးပွိုင့်များ မကြာခဏပျက်ခြင်းနှင့် မီးပွိုင့်စနစ် ချို့ယွင်းမှုများလည်း ရှိနေသည်။ ယခုတပ်ဆင်မည့် ခေတ်မီမီးပွိုင့်များသည် လက်ရှိနိုင်ငံတကာတွင်လုပ်ဆောင်နေသည့် Automatic System ဖြစ်ပြီး electronic police စနစ်များ၊ အနီးကပ်အထိ ဆွဲယူကြည့်ရှုနိုင်သည့် ကင်မရာများပါဝင်မည်ဖြစ်ကာ ယာဉ်စည်းကမ်းချိုးဖောက်မှုများအားလည်း မှတ်တမ်းတင်ထားနိုင်မည်ဖြစ်သည်။

စည်းကမ်းချိုးဖောက်မှုအတွက်ပါ စောင့်ကြည့်နိုင်မည့် မီးပွိုင့်များနှင့်ပတ်သက်၍ “တပ်ဆင်မယ့် မီးပွိုင့်တွေမှာ E-POLICE လို့ခေါ်တဲ့စနစ်က ပါပြီးသား။ နောက်မီးပွိုင့်တိုင်း မီးပွိုင့်တိုင်းမှာ အနီးကပ်ဆွဲကြည့်လို့ရတဲ့ ကင်မရာတွေပါထားပြီးသား။ စည်းကမ်းဖောက်တာနဲ့ သူရဲ့ကားနံပါတ်ကို တစ်ခါတည်းရိုက်ယူထားမယ်။ နောက်ပြီး ညအမှောင်မှာပါ ရိုက်လို့ရတဲ့ ကင်မရာဆိုတော့ အခုဖြစ်နေတဲ့ ခေါင်းထိုး ဝင်တာတို့၊ ကျော်တာတို့၊ ရပ်မျဉ်းမှာ မရပ်တာတို့ တစ်ခုမှလုပ်လို့ မရတော့ဘူး။ ကင်မရာနဲ့ အားလုံးကို မှတ်တမ်းတင်ထားတဲ့အတွက် အားလုံးကို လိုက်လို့ရတယ်”ဟု ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်မြို့ရှိ ယာဉ်များအား တစ်နေရာတည်းမှ ကြည့်ရှုထိန်းချုပ်နိုင်သည့် Common Center ကိုမူ ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်း၌ ထားရှိမည်ဖြစ်ကာ Common Center တွင် ခေတ်မီနည်းပညာများ အသုံးပြုရမည်ဖြစ်သောကြောင့် ဝန်ထမ်းများ သီးသန့်ခန့်သွားမည်ဖြစ်ပြီး ယာဉ်ထိန်းရဲအချို့အားလည်း ခေါ်ယူ၍ သင်တန်း Training ပေးမည်ဖြစ်ကြောင်း သိရသည်။

အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက “ပြည်သူတွေ လွယ်ကူအဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် BRT (Bus Rapid Transit) လုပ်ဆောင်ဖို့ရယ်၊ မီးပွိုင့်တွေ အဆင့်မြင့်ဖို့အတွက်ရယ် သမ္မတကြီးက နိုင်ငံတော်သမ္မတရဲ့ သုံးပိုင်ခွင် ဘတ်ဂျက်ထဲကနေပြီး ကျပ်ငွေ ၂၀ ဘီလျံချပေးထားတယ်။ မီးပွိုင့်တွေက ပျက်နေတာ၊ မီးမလာတာ၊ မီးမထင်ရှားတာတွေကြောင့်လည်း ယာဉ်ကြောပိတ်ဆို့တာတွေရှိတယ်။ အခုတပ်ဆင်မယ့် မီးပွိုင့်တွေမှာ စနစ်အားလုံးပါမယ်။ လမ်းကူးစနစ်၊ ကွေ့ကြောစနစ်၊ Common စင်တာမှာထားမယ့် ထိန်းချုပ်စနစ်တွေက ယာဉ်ဥပဒေချိုးဖောက်ရင်တောင် E.mail ကနေ အကြောင်းကြားနိုင်တဲ့ စနစ်မျိုးအထိ လုပ်ထားတာမျိုးတွေပါမယ်။ ခေတ်မီ မီးပွိုင့်တွေ တပ်ဆင်ဖို့အတွက် မြောက်ဘက်မင်္ဂလာဒုံအထိပါတယ်။ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်အဓိကပါ” ဟု ပြောသည်။

ခေတ်မီမီးပွိုင့်များ တပ်ဆင်ရန်အတွက် တင်ဒါခေါ်ယူရာတွင် အဖွဲ့ဝင် ၁၇ ယောက်ပါဝင်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အစိုးရဌာနဆိုင်ရာများ၊ Trafficနှင့် ပတ်သက်သည့် ပြင်ပပညာရှင်များ၊ IT နှင့်ပတ်သက်သည့် ပညာရှင်များ ပါဝင်သည်။ BRT (Bus Rapid Transit) အများပိုင်ဘတ်(စ်)ကားများ ပြေးဆွဲရန်အတွက်မူ ဒေါက်တာမောင်အောင်က ဥက္ကဋ္ဌ အဖြစ်တာဝန်ယူလုပ်ဆောင်လျက်ရှိသည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**

## သုဝဏ္ဏသာမဇာတ်တော်ကြီး ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် အခမဲ့ဖျော်ဖြေမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ အကအလှပဒေသာယိမ်းများ၊ ရွှေတံဆိပ်ဆုများရှင် ခေါင်းဆောင်မင်းသမီး သန္တာလင်း၊ ရွှေ့ထွက်မင်းသမီး ဇာနည်အောင်၊ လူရွှင်တော်အာပြဲ၊ စတားဝမ်းတူး၊ ရောင်နီ၊ ရောင်ပြန်၊ လမုန့်၊ ငွေတိုးတို့ ပါဝင်သည့် “ရွှေမြန်မာအငြိမ့်”နှင့် ရွှေတံဆိပ်ဆုများရှင် မင်းသား တက္ကသိုလ်အားမာန်၊ ဇေယျာလင်း၊ သိန်းထွန်းဦး၊ မင်းသမီး ဆောင်းနှင်းဝေဝေနှင့် အနုပညာရှင်များပါဝင်သည့် သုဝဏ္ဏသာမဇာတ်တော်ကြီးဖြင့် အများပြည်သူများအား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

☆ **မြေသယံဇာတများမှ**

ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ရှေ့လုပ်ငန်းစဉ်(၃)ရပ်အနက် ပထမလုပ်ငန်းစဉ်ဖြစ်သည့် ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ်ဖြစ်တည်စေမည့် မြေအရင်းအမြစ်စီမံခန့်ခွဲမှုမူဝါဒဆိုင်ရာ အခြေခံမှုများကို အများပါဝင်မှုဖြင့် ချမှတ်နိုင်ရန်အတွက် မြေအသုံးချမှု မူဝါဒသုံးသပ်ရေးလုပ်ငန်းကော်မတီက ဦးဆောင်ပြီး မူဝါဒရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း။ မူဝါဒ(မူကြမ်း)ကို ပြည်သူအားလုံး ပါဝင်ဆွေးနွေး အကြံပြုနိုင်စေရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အကြံပြုဆွေးနွေးပွဲ (၁၇) ကြိမ်ကျင်းပခြင်း၊ ရရှိလာသည့် ပြည်သူများ၏ အကြံပြုချက်များကို မူဝါဒတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် စားပွဲဝိုင်းဆွေးနွေးပွဲများ ကျင်းပ၍ မူဝါဒကြမ်းကို ပြင်ဆင်ဖြည့်စွက်ရေးဆွဲခြင်း လုပ်ငန်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ဒုတိယလုပ်ငန်းစဉ်အဖြစ် မြေစီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်နေသော အစိုးရဌာနအဖွဲ့အစည်းများမှ ပြဋ္ဌာန်းကျင့်သုံးနေသော ဥပဒေများသည် အမျိုးမျိုးအဖုံဖုံကွဲပြားနေသဖြင့် မြေနှင့်ဆက်စပ်သည့်ဥပဒေများ သဟဇာတဖြစ်စေရန် အမျိုးသားမြေအရင်းအမြစ် ဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီက ဦးဆောင်ပြီး မြေနှင့်ဆက်စပ်နေသော လက်ရှိဥပဒေများအတွက် ထီးရိပ်ဥပဒေအဖြစ် အမျိုးသားမြေအရင်းအမြစ် ဥပဒေရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

တတိယလုပ်ငန်းစဉ်ဖြစ်သည့် ပြည်သူကိုဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များ ဖော်ဆောင်ရေးကို ရှေးရှုသော စမ်းသပ်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်အတွက် မြေအရင်းအမြစ် စီမံကိန်းနှင့် စီမံချက်များ ညှိနှိုင်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက ဦးဆောင်၍ ညှိနှိုင်းအစည်းအဝေးပွဲများ ကျင်းပခဲ့ပြီး မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် USAID၊ EU၊ ဆွစ်ဇာလန်နိုင်ငံမှ SDC အဖွဲ့တို့နှင့် ညှိနှိုင်းဆွေးနွေးပြီး Landuse Classification Map ထုတ်လုပ်ခြင်းနှင့် One Map Myanmar Project ရှေ့ပြေးစမ်းသပ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

မိမိတို့အစိုးရတာဝန်ယူခဲ့သည့် သက်တမ်းကာလအတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်စနစ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိထိရောက်သည့် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ (Reform Strategy) များ ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေး (Land Reform) လည်း အပါအဝင်ဖြစ်ပါကြောင်း။

ကောင်းမွန်သည့် မြေစီမံခန့်ခွဲမှုစနစ်တစ်ရပ် အကောင်အထည်ဖော်ရန် မြေအသုံးပြုသူများ၏ လိုအင်ဆန္ဒများကို ဆန်းစစ်ခြင်း၊ အုပ်ချုပ်မှုအဖွဲ့အစည်းနှင့် ဥပဒေရေးရာ မူဘောင် Institution and Legal Framework များ အားကောင်းစေခြင်း၊ မြေအသုံးပြုခွင့်ဆိုင်ရာ အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များအား ပွင့်လင်းမြင်သာစွာ စီရင်ဆုံးဖြတ်ခြင်း၊ မြေစီမံခန့်ခွဲမှုအတွက် သတင်းအချက်အလက်နှင့် မြေပုံနယ်နိမိတ်များ တိကျခိုင်မာစေခြင်း၊ အခွန်နှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ စနစ်တကျ သတ်မှတ်ခြင်း၊ ပြည်သူလူထုအတွင်း မြေအသုံးချမှု စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကော်မတီအနေဖြင့် လက်ရှိမြေယာစီမံအုပ်ချုပ်မှု အခြေအနေများ လေ့လာသုံးသပ်နိုင်ရန် ကမ္ဘာ့ဘဏ်အဖွဲ့၏ အကူအညီဖြင့် မြေယာစီမံအုပ်ချုပ်မှု ဆန်းစစ်အကဲဖြတ်မှုဘောင် (Land Governance Assessment Framework-LGAF) ရေးဆွဲရန် နိုင်ငံတကာကျွမ်းကျင်သူပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ LGAF ဆိုသည်မှာ မြေယာစီမံအုပ်ချုပ်မှု အခြေအနေများကို ဒေသဆိုင်ရာအချက်အလက်များနှင့် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ကိုယ်စားပြုမှုနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်မှုဖြင့် လေ့လာဆန်းစစ်ခြင်းဖြစ်ပါကြောင်း။

LGAF သည် မြေယာစီမံအုပ်ချုပ်မှု ဆန်းစစ်အကဲဖြတ်ရာတွင် အများလက်ခံသည့် နိုင်ငံတကာ ကျင့်ထုံးနည်းစဉ် တစ်ခုဖြစ်ပါကြောင်း၊ မြေယာစီမံအုပ်ချုပ်မှု ဆန်းစစ်ရာတွင် မြေယာအခွင့်အရေးနှင့် မြေအသုံးချမှုတို့ကို အသိအမှတ် ပြုခြင်း၊ အများပိုင်မြေမှ ပုဂ္ဂလိကမြေအဖြစ်သို့ လွှဲပြောင်းခွင့်နည်းလမ်းများနှင့် မြေသတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ မြေတန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန်အခစည်းကြပ်ခြင်း၊ မြေယာအငြင်းပွားမှုများ ဖြေရှင်းခြင်း၊ မူဝါဒနှင့် ဌာနအဖွဲ့အစည်းများအား သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် စီမံကိန်းမှာ ပါဝင်ဆောင်ရွက်မည့်ဌာန၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ထို့အပြင် မြေအသုံးချမှုမူဝါဒ သုံးသပ်ရေးလုပ်ငန်းကော်မတီက ရေးဆွဲပြုစုထားသည့် အမျိုးသားမြေအသုံးချမှု မူဝါဒ(အပြီးသတ်မူကြမ်း)ကို ယခုအစည်းအဝေးက အတည်ပြုပေးရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် အစီရင်ခံစာများ ပြုစုထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝင်းထွန်းနှင့် ဗဟိုကော်မတီဝင်များက မြေအမျိုးအစားခွဲခြားမှု၊ လယ်ယာမြေ၊ မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှု၊ မြေအရင်းအမြစ် အသုံးချရေးဆိုင်ရာကိစ္စရပ်များ၊ အနာဂတ်မြေအသုံးပြုရေးဆိုင်ရာကိစ္စများ၊ အမျိုးသားမြေအရင်းအမြစ် ဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ One Map Myanmar Project ရှေ့ပြေးစမ်းသပ်စီမံကိန်းဆောင်ရွက်နေမှုကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ **(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ၊ သိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

☆ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊



## အင်းလေးကန်စိမ်းလန်းစိုပြည်ရေး ဦးစားပေးဆောင်ရွက်

**ညောင်ရွှေ ဒီဇင်ဘာ ၂၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာနအနေဖြင့် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်တောင်ကြီးခရိုင် ညောင်ရွှေမြို့ (အင်းလေး) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဌေးနှင့်အဖွဲ့တို့က အင်းလေးကန် ရေတိမ်ဒေသ ထိန်းသိမ်းကာကွယ်ရေး၊ ရေပြင်အနက် အနည်းဆုံးခုနစ်ပေရှိရေး၊ နမ့်ကတ်ချောင်း ရေလမ်းကြောင်းတွင် သဲနုန်းများ ပို့ချမှုကြောင့် တိမ်ကောလာသဖြင့် ရေလမ်းခရီး အခက်အခဲမဖြစ်စေရေး၊ စက်လှေများ ရာသီမရွေးသွားလာနိုင်ရေး တို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်တွင် လိုင်စင်ရစက်လှေ ၇၀၀၀ နှင့် ပြင်ပစက်လှေ ၃၀၀၀ တို့ ပြေးဆွဲလျက်ရှိရာ ကမ္ဘာလှည့်ခရီးသွား ၂၀၀ ခန့် နေ့စဉ်လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**(ရွှေလင်းပြည့်စုံ)**

## ညောင်ဦးတွင် ဗီယက်နမ်နိုင်ငံသားပျောက်ဆုံးခဲ့သော ခါးပတ်အိတ်တစ်လုံး ဒေသခံဓာတ်ပုံဆရာတစ်ဦး တွေ့ရှိသဖြင့် ပြန်လည်အပ်နှံ

**ညောင်ဦး ဒီဇင်ဘာ ၂၉**

ပုဂံမြို့ရှိ ရွှေဆံတော်ဘုရားပေါ်တွင် ဗီယက်နမ်နိုင်ငံသားတစ်ဦးကျပျောက်ခဲ့သည့် ခရီးဆောင်ခါးပတ်အိတ်ကို ဒေသခံ ဓာတ်ပုံဆရာတစ်ဦးက တွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများမှတစ်ဆင့် ပိုင်ရှင်ထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ဗီယက်နမ်နိုင်ငံသား Mr. Takimhal ပျောက်ဆုံးသွားသော ခရီးဆောင်ခါးပတ်အိတ်ကို လိုက်လံစုံစမ်းရှာဖွေပေးနေစဉ် မြင်းကပါကျေးရွာမှ ဓာတ်ပုံဆရာ ဦးသိန်းဇော်က ရွှေဆံတော်ဘုရားပေါ်သို့ ဓာတ်ပုံရိုက်ကူးရန်အတွက် တက်ရောက်ရာ ဘုရားရင်ပြင် ငါးဆင့်ရှိသည့်အနက် သုံးဆင့် မြောက်ရင်ပြင်ပေါ်မှ ခါးပတ်အိတ်တစ်လုံးတွေ့ရှိခဲ့သဖြင့် လာရောက်အပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



## ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

**ယနေ့နံနက်၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မကွေးတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ မိုးမိတ်မြို့၊ ဖလမ်းမြို့နှင့် ခန္တီးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

# စဉ်လာမပျက်နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

နေပြည်တော် ဒီဇင်ဘာ ၂၉

**၂၀၀၀ပြည့်နှစ်မှစတင်ကာ နှစ်စဉ် စဉ်လာမပျက်ကျင်းပလာခဲ့သော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင် (၁၆)ကြိမ်မြောက်သို့ပင်တိုင်ခဲ့ပြီ ဖြစ်သည်။ ထိုကဲ့သို့နှစ်စဉ်မပျက်ကျင်းပခဲ့မှုကြောင့်ပင် မြန်မာ့တိုင်းရင်းဆေးကို ပိုမိုလူသိများလာပြီး ပြည်သူများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုတွင် တိုင်းရင်းဆေး၏အခန်းကဏ္ဍမှာ တိုးတက်လာလျက်ရှိနေခဲ့သည်။ ထို့ကြောင့် နေပြည်တော်တွင် ကျင်းပလျက်ရှိသည့် (၁၆)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် တက်ရောက်လာကြသည့် တိုင်းရင်းဆေးလောကမှ ပါဝင်ပတ်သက်သူများအား မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။**

ရှေးဦးစွာ တိုင်းရင်းဆေးသမားတော်များညီလာခံ နှစ်စဉ်ကျင်းပနေမှုများနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က "ဒီနှစ်ညီလာခံမှာ အဆိုငါးရပ်ကို ပြည်နယ်/တိုင်းဒေသကြီးမှကိုယ်စားလှယ်တွေက အဆိုတင်သွင်းခြင်း၊ အဆိုထောက်ခံခြင်းတွေကို ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ နှစ်စဉ်ညီလာခံတွေမှာလည်း တိုင်းရင်းဆေးဆရာတွေရဲ့ ဂုဏ်သိက္ခာတွေမြင့်မားလာဖို့၊ တိုင်းရင်းဆေးနဲ့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ ဒီအတွက်တွေကိုပဲ အဓိကထားဆွေးနွေးခဲ့ကြပါတယ်။ ဒီနှစ်ထူးခြားမှုက အဆိုပြုချက်ငါးရပ်ကို တင်သွင်းထောက်ခံရုံတင်မဟုတ်ဘဲ ဘယ်လိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မလဲဆိုတာတွေကို မနက်ဖြန်မှာပြုလုပ်မယ့် နှီးနှောဖလှယ်ပွဲမှာ ဆက်လက်ဆွေးနွေးကြမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့အတူ ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်ဝင်းကလည်း "မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ရှေးဘိုးဘွားများလက်ထက်ကစ ကျမ်းဂန်အထောက်အထားခိုင်ခိုင်မာမာနဲ့ ယနေ့ထက်တိုင် ယုံယုံကြည်ကြည်သုံးစွဲနေကြပါတယ်။ ကျွန်တော်တို့အနေနဲ့ အမျိုးသားအမွေအနှစ်အဖြစ်ခံယူပြီး ထိန်းသိမ်းစောင့်ရှောက်ရုံမက အထောက်အထားအခြေပြု အစွမ်းထက် တိုင်းရင်းဆေးဝါးများပေါ်ထွန်းလာရေးကို ယခုလို ညီလာခံကြီးမှာ ဆွေးနွေးညှိနှိုင်းမေးမြန်းချက်များဟာ အထောက်အကူများစွာရရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးအနေနဲ့ အာဆီယံနိုင်ငံများမှာ ထိုးဖောက် နေရာယူဖို့ကြိုးစားတဲ့နေရာမှာ တိုင်းရင်းဆေးသမားတော်များညီလာခံမှ ဆွေးနွေးညှိနှိုင်းချက်များနဲ့ ထွက်ပေါ်လာတဲ့ရလဒ်များက များစွာအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်မိပါတယ်"ဟု မြန်မာ့တိုင်းရင်းဆေးပညာ၏ ရပ်တည်မှုနှင့် လက်ရှိအခြေအနေကို ပြောပြသည်။

စိန်ဘယက် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်လင်းက "ကျွန်တော်တို့အနေနဲ့ ဘိုးဘွားစဉ်ဆက်ကုသခဲ့တဲ့ အစွမ်းထက်မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာရပ်တွေကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းပြီး ပြည်သူ့ကျန်းမာရေးအတွက် တစ်တပ်တစ်အားအကျိုးပြုလျက်ရှိပါတယ်။ စစ်မှန်တဲ့ ကုန်ကြမ်းပစ္စည်းများနဲ့ ထုတ်လုပ်မှုနည်းစဉ်တွေကို ရှေးမူမပျက်စေဘဲ ခေတ်စနစ်နဲ့အညီ နိုင်ငံတကာအဆင့်မီ ထုတ်လုပ် ဖြန့်ချိလျက်ရှိပါတယ်"ဟု ထုတ်လုပ်သူများအပိုင်းက ဆောင်ရွက်နေမှုများကို ပြောသည်။



ဒေါက်တာ ရီရီမြင့်။



ဦးကြည်ဝင်း။



ဦးကြည်လင်း။



ဦးထွန်းရွှေ။



ဒေါ်ရင်ရင်တင့်။



ဦးစိုးမင်း။



ဒေါ်ငြိမ်းငြိမ်းသော်။



မောင်ကံသာညိမ်း။



မောင်သူရိန်နိုင်အောင်ဟိန်း။

ထွန်းရွှေဝါ တိုင်းရင်းဆေးထုတ်လုပ်ရေးမှ ဦးထွန်းရွှေက "မြန်မာ့တိုင်းရင်းဆေးပညာဟာကျွန်တော်တို့လူမျိုးရဲ့ အမျိုးသားအမွေအနှစ်ဖြစ်ပါတယ်။ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုတဲ့ တိုင်းရင်းဆေးလုပ်ငန်း အမျိုးသားအမွေအနှစ်ကို တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။ အခုဆိုရင်အစဉ်အဆက်ထိန်းသိမ်းလာခဲ့တဲ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေကိုခေတ်နဲ့အညီသုတေသနလုပ်ငန်းတွေနဲ့ တွဲဖက်လုပ်ဆောင်လာတဲ့အတွက်ရိုးရာလည်းမပျက်လိုက်လျောညီထွေစွာနဲ့ တိုးတက်လာနေတာကိုမြင်တွေ့ရမှာ ဖြစ်ပါတယ်" ဟု ပြောပြသည်။

ဇွဲရတနာတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဒေါ်ရင်ရင်တင့်ကလည်း "ကျွန်မတို့ တိုင်းရင်းဆေးထုတ်လုပ်သူတွေအနေနဲ့ အာဆီယံဒေသတွင်း တိုင်းရင်းဆေးဆိုင်ရာ ကုသမှုများ၊ ပညာသင်ကြားပို့ချမှုများနဲ့ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိပါတယ်။ တစ်ဖက်ကလည်း အာဆီယံနိုင်ငံများအကြား တိုင်းရင်းဆေးဝါးစံချိန်စံညွှန်းများညှိနှိုင်းဆွေးနွေးခြင်း၊ ရောင်းဝယ်ဖောက်ကားရေးအတွက်ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ထုတ်လုပ်သူတွေအပိုင်းက သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်နိုင်မှသာ မြန်မာ့တိုင်းရင်းဆေး အရှည်တည်တံ့ပြီး အာဆီယံနိုင်ငံတွေနဲ့ ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်"ဟု ပြောပြသည်။

ကချင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်းမှ ညီလာခံကိုယ်စားလှယ် ဦးစိုးမင်းက"တိုင်းရင်းဆေးလောကမှာ တိုင်းရင်းဆေးဝန်ထမ်းနဲ့ ပြင်ပဆေးဆရာဆိုပြီးတော့ရှိတယ်။ ဒီလိုတိုင်းရင်းဆေးလောကသားတွေ ပူးပေါင်းပြီးတော့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကချင်ပြည်နယ်မှာဆိုရင်လည်း ကွင်းဆင်းကုသမှုတွေ၊ ပညာပေးဆွေးနွေးမှုတွေပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ညီလာခံတွေမှာ တင်သွင်းတဲ့ အဆို/အထောက်တွေဟာ အောင်မြင်တာတွေရှိသလို အကောင်အထည်မဖော်နိုင်တာတွေလည်းရှိပါတယ်။ ရေရှည်အနေနဲ့ အကောင်အထည်ဖော်ရမယ့်ကိစ္စတွေကိုလည်း ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် တိုင်းရင်းဆေးဆရာအသင်းမှ ဒေါ်ငြိမ်းငြိမ်းသော်က "မြန်မာ့တိုင်းရင်းဆေးပညာဟာ ရှေးနှစ်ပေါင်းများစွာကတည်းကစပြီး ယနေ့တိုင်အောင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့တဲ့ တိုင်းရင်းဆေးပညာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာမှာ ရောဂါသိမှု၊ ကုထုံးသိမှု၊ ဆေးဝါးသိမှုဆိုပြီး သိမှုသုံးဖြာဟာ အရေးကြီးပါတယ်။ ဒီထဲကမှ ရောဂါသိမှုပဓာနပြုဆိုတဲ့အချက်ဟာ အရေးကြီးဆုံးအချက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အဖွဲ့အနေနဲ့ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းဆေးပညာ ရောဂါရှာဖွေမှုနည်းစနစ်အား ပြန်လည်ဖော်ထုတ်ပြီး လက်တွေ့အသုံးပြုနိုင်ရန်ဆိုတဲ့ အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကံသာဆေးတိုက်မှ မျိုးဆက်သစ်တစ်ဦးဖြစ်သူ မောင်ကံသာညိမ်းက "ကျွန်တော့် မိဘနှစ်ဦးစလုံးက တိုင်းရင်းဆေးကုထုံးများဖြင့် ဆေးကုသမှုပေးခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်တဲ့အတွက် ဘဝတစ်လျှောက်လုံးမှာ တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးကုထုံးများရဲ့ အစွမ်းထက်မြက်မှုများကို ကိုယ်တွေ့သိမြင်ခဲ့ရပါတယ်။ အနောက်တိုင်းဆေးပညာကို တက်ရောက်ပညာသင်ကြားရင်း တစ်ဖက်ကလည်း မိဘများရဲ့ တိုင်းရင်းဆေးကုသခြင်း၊ ထုတ်လုပ်ခြင်းများကို လေ့လာသင်ယူနေပါတယ်။ ဆေးသိပ္ပံပညာနဲ့ တိုင်းရင်းဆေးပညာရပ်ကို ပေါင်းစပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေကို လုပ်ဆောင်သွားဖို့ဆန္ဒရှိပါတယ်"ဟု ၎င်း၏ဆန္ဒကို ပြောပြသည်။

အဘထတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ မောင်သူရိန်နိုင်အောင်ဟိန်းကလည်း "(၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို တက်ရောက်ရတဲ့အတွက် တိုင်းရင်းဆေးသမားတော်များနဲ့ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူလုပ်ငန်းရှင်များ တွေ့ဆုံနှီးနှောဖလှယ်ခွင့်ရလို့ တိုင်းရင်းဆေးလောကအတွက် စည်းလုံးမှုရစေပါတယ်။ ကျွန်တော်တို့ထုတ်လုပ်သူတွေအပိုင်းက ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ထုတ်လုပ်ထားတဲ့အတွက် သုံးစွဲသူပြည်သူတွေအတွက် ဘေးထွက်ဆိုးကျိုးကင်းပြီး ယုံကြည်စိတ်ချစွာသုံးစွဲနိုင်အောင် ထုတ်လုပ်ထားပါတယ်"ဟု ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

(ကြေးမုံ)

# အင်းလေးကန်တွင် လက်လုပ်ဆည်များ တည်ဆောက်မည်

**ညောင်ရွှေ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးလုပ်ငန်းတွင် လက်လုပ်ဆည်ငါးခုတည်ဆောက်ရေးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် မတည်ဆောက်ရွက်သွားမည်ဖြစ်သည်။

အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဌေးတို့က အင်းလေးကန်ဒေသ လက်လုပ်ဆည်များဆောင်ရွက်ရာတွင် မိုးကာသား၊ သဲအိတ်များကို ကျပ်သိန်း ၇၀ ကျော်အကုန်အကျခံ၍ လက်လုပ်ဆည်တစ်ခုလျှင် လေးဖာလုံခြားတည်ဆောက်သွားမည်ဖြစ်သည်။

ဆည်တစ်ဆည်ဆောက်လျှင် ကန်ရေ ငါးလက်မခန့်ထိန်းထားနိုင်၍ အင်းလေးကန်တစ်ခုလုံး ကန်ရေ သုံးပေခန့် ထိန်းထားနိုင်မည်ဖြစ်သည်။

အင်းလေးကန်ရေရှည်တည်တံ့ရေးလုပ်ငန်းလေးရပ်တွင် ဖော်တော်ဦးဘုရားအထိ ရေလမ်းကြောင်းတူးဖော်ခြင်း၊ သာစည်ကန်နှင့် နဒီကန်တူးဖော်ခြင်းကိုဆောင်ရွက်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနက ငါးဖိန်းငါးမျိုးစိတ် တစ်သိန်းကျော် ထပ်မံစိုက်ထည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အင်းလေးကန်ကို လူသားနှင့် ဇီဝအဝန်းအဝိုင်းနယ်မြေအဖြစ် ယူနက်စကို (UNSCO)က သတ်မှတ်ခဲ့ရာ အင်းလေးကန်ဒေသသို့ နိုင်ငံခြားသားခရီးသည်များ နေ့စဉ်ဝင်ရောက်မှု ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# မြန်မာကာတွန်း နှစ်(၁၀၀)ပြည့်ပွဲတော် ပျော်ရွှင်ဖွယ်ရာအစီအစဉ်များဖြင့် စည်ကားစွာကျင်းပမည်




၁၉၁၅ ခုနှစ် ကောလိပ်မဂ္ဂဇင်းတွင် ပါရှိခဲ့သော ကာတွန်းဆရာကြီး ဦးရွှေတလေး(ဘကလေး)၏ ကာတွန်းမှ အစပြု၍ ပေါ်ပေါက်လာခဲ့သည့် မြန်မာကာတွန်းသက်တမ်း နှစ်(၁၀၀) ပြည့်ပွဲတော်ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ လေ့လာကြည့်ရှုစရာ၊ ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များဖြင့် ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်နေ့များတွင် နံနက် ၉ နာရီမှစတင်ကာ နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာကာတွန်း နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးကော်မတီမှသိရသည်။

"ကာတွန်း နှစ်(၁၀၀)ပြည့်ပွဲဆိုတာ တစ်သက်မှာ တစ်ကြိမ်ပဲကြုံရတာပေါ့။ ၁၉၁၅ ကနေ ၂၀၁၅ ထိ နှစ်(၁၀၀) အတွင်းမှာ အထိမ်းအမှတ်တစ်ခု အနေနဲ့ လုပ်တာပါ။ ကာတွန်းတွေဟာ အမြဲဝေဖန်သုံးသပ်နေရုံတင် မဟုတ်ဘဲ မူးယစ်ဆေးဝါးပြပွဲ၊ ပြိုင်ပွဲတွေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနောက်ပြီး ဒုစရိုက်ကျဆင်းရေးလိုကိစ္စမျိုးတွေ၊ နောက် ကျန်းမာရေး ဥပမာ AIDSနဲ့ ပတ်သက်တဲ့ အသိပညာပေးရေးလှုပ်ရှားမှုတွေမှာ နိုင်ငံတော်နဲ့ အတူယှဉ်တွဲပြီး အများပြည်သူနဲ့အတူ ကာတွန်းတွေကလည်း တစ်ခန်းတစ်ကဏ္ဍက ပါဝင်ခဲ့ကြတာပါ"ဟု မြန်မာကာတွန်း နှစ်(၁၀၀) ပြည့်ပွဲတော်ကျင်းပရေး ယာယီဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်အောင်က ပြောသည်။

ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သော မြန်မာကာတွန်းသမိုင်း၏ ထွန်းပြောင်မှုကို ဂုဏ်ပြုလို၍ လည်းကောင်း၊ ကာတွန်းဆရာများ၏ သမိုင်းအမွေဆက်ခံမှုကို အားပေးလို၍ လည်းကောင်း၊ ခေတ်ကို ထင်ဟပ်သော အတွေးအခေါ်ဖန်တီးမှုများကို အများပြည်သူတို့ စိတ်ကြည်နူးစွာ ခံစားစေခြင်းအကျိုးငှာ လည်းကောင်း နှစ်(၁၀၀)ပြည့် ကာတွန်းပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် မြန်မာကာတွန်းသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သည့် ရှေးမူလက်ရာများ၊ သမိုင်းဓာတ်ပုံများ၊ ကာတွန်း ဦးရွှေတလေး၊ ကာတွန်း ဦးဟိန်စွန်း၊ ကာတွန်း ဦးဘဂျမ်းတို့၏နာမည်ကျော် ကာတွန်းလက်ရာများကို ပြသထားမည်ဖြစ်သည့်အပြင် ကွယ်လွန်သွားကြသော ကာတွန်းဆရာကြီးများ၏ ဓာတ်ပုံများအပါအဝင် ခေတ်အဆက်ဆက် ကာတွန်းဆရာများ၏ ကိုယ်တိုင်ဖန်တီးမှု လက်ရာများကို ချိတ်ဆွဲပြသထားမည်ဖြစ်ပြီး မျက်မှောက်ခေတ် ကာတွန်းဆရာများ၏ ကာတွန်းပြခန်း၊ ကယ်ရီကေးချားနှင့် ကာတွန်း ပန်းချီလက်ရာပြခန်း၊ Animation ပြခန်းများ ပြသထားမည်ဖြစ်သည်။

ကာတွန်းနှစ်(၁၀၀)ပြည့် ပွဲတော်ကာလ နှစ်ရက်တာအတွင်း မြန်မာကာတွန်း ဖြစ်ထွန်းမှုအထွေထွေကို စွယ်စုံအနုပညာရှင်ကြီး ဆရာဦးဝင်းဖေ၊ ဆရာကာတွန်း ငွေကြည်၊ ဆရာကာတွန်း မြေဇာနှင့် ဆရာမောင်သာချိုတို့က သိမှတ်ဖွယ်ရာ အဖုံဖုံတို့ဖြင့် ဟောပြောမည်ဖြစ်ပြီး ကာတွန်းပညာရှင်များ ပါဝင်သော ကာတွန်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ခေါင်းစဉ်များခွဲ၍ ဆွေးနွေးခြင်း၊ စာတမ်းဖတ်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စာပေမြတ်နိုးသူများအတွက် စာအုပ်အရောင်းစင်တာများ ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး အမှတ်တရ ကာတွန်း လက်ဆောင်ပစ္စည်းများ၊ ကာတွန်းနှစ်(၁၀၀)ပြည့်ပွဲတော် အမှတ်တရ T-Shirt များတွင်လည်း နာမည်ကျော် ကာတွန်းဆရာများက အမှတ်တရလက်မှတ်များရေးထိုးပေးကာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ ရှားပါးတဲ့ စာအုပ်စာတမ်းတွေ စုဆောင်းပြီး ပြသထားမှာပါ။ ဒီဘက်ခေတ် ကလေးတွေ မမြင်ဖူးကြတော့တဲ့ ပြား ၆၀ တန်ခေတ်က စာအုပ်တွေ၊ ပြီးတော့ ဘားမားစတား၊ ဖလင်စတားတို့ ၁၅ ပြားတန်၊ ၁၀ ပြားတန်ခေတ်၊ အဲဒီကနေ တစ်ကျပ်တန်ခေတ်က စာအုပ်တွေကို ရှာဖွေပြီး ခေတ်အဆက်ဆက်က ထွက်ရှိခဲ့တဲ့ စာအုပ်မျက်နှာဖုံးတွေကို နောက်လူတွေ သိမြင်ခွင့်၊ လေ့လာခွင့်ရအောင် ပြသထားမယ်။ နောက်ပြီး ပွဲတော်လာတဲ့ ကလေးတွေအတွက်လည်း ဆေးရောင်ခြယ်ပြိုင်ပွဲလေးတွေ လုပ်ပေးထားတယ်။ ဆုပေးမယ့် အစီအစဉ်တွေလည်းပါတယ်"ဟု ဦးမောင်မောင်အောင်က ပြောသည်။

ထို့အပြင် ဆရာကြီး ဦးရွှေတလေးအား ဂုဏ်ပြုသည့် အထိမ်းအမှတ်ပြုလုပ်ရောင်းချသည့် ဦးရွှေရိုး ရုပ်တုကိုလည်း ပွဲတော်အတွင်း ဝယ်ယူနိုင်ကြမည်ဖြစ်သည်။

"ဦးရွှေရိုးအကကို မြန်မာ့ယဉ်ကျေးမှုအကလို့ လူတိုင်းက ရင်းနှီးပေမယ့် ဦးရွှေရိုးကို ကာတွန်းဆရာကြီး ဦးရွှေတလေးက တီထွင်ခဲ့တယ်ဆိုတာ သိတဲ့သူနည်းပါးတယ်။ ဒီနှစ် (၁၀၀) ပြည့်ပွဲတော်မှာ ဆရာကြီး ဦးရွှေတလေးကို ဂုဏ်ပြုတဲ့အနေနဲ့ ဆရာကြီးတီထွင်ခဲ့တဲ့ ဦးရွှေရိုးရုပ်တုလေးကို အမှတ်တရရောင်းချသွားမှာဖြစ်ပါတယ်" ဟု ကာတွန်း ဆရာရွှေလူက ပြောသည်။

ကာတွန်း နှစ်(၁၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် ကာတွန်းရွှေတလေးဆုကို မောင်မောင်ဖောင်တိန်၊ ကာတွန်း ဟိန်စွန်းဆုကို ဆောင်းသရော်နှင့် ကာတွန်း ဘဂျမ်းဆုကို သူရမိုးတို့က ရရှိခဲ့ပြီး နှစ်သိမ့်ဆုရ ကာတွန်းဆရာများကိုလည်း ပြပွဲတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲအမှတ်တရအနေနဲ့ တန်ဖိုးဆိုတဲ့ခေါင်းစဉ်နဲ့ ပြိုင်ပွဲလုပ်ခဲ့တာပါ။ ပထမ၊ ဒုတိယ၊ တတိယနဲ့ နှစ်သိမ့်ဆုနှစ်ဆုရွေးချယ်ခဲ့ပါတယ်။စာပေနယ်ထဲမှာလည်း ဂုဏ်ပြုသင့်တဲ့ စာရေးဆရာကြီးတွေနာမည်နဲ့ ဆုပေးသလို ကာတွန်းနယ်ပယ်မှာလည်း ရှေ့ကနေ ဦးဆောင်ခဲ့တဲ့ ကာတွန်းဆရာကြီးတွေကို ဂုဏ်ပြုပြီးပေးရင် ထိုက်ထိုက်တန်တန်ဖြစ်မယ်လို့ ယူဆတဲ့အတွက် ပထမ၊ ဒုတိယ၊ တတိယဆုကို ဆရာကြီး ဦးရွှေတလေးဆု၊ ဆရာကြီး ဦးဘဂျမ်းဆုနဲ့ ဆရာကြီး ဦးဟိန်စွန်းဆု ဆိုပြီး ပေးခဲ့တာပါ" ဟု ယာယီဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်အောင်က ပြောသည်။

ထို့ပြင် ကာတွန်းဆရာ ဆရာမများ ကိုယ်တိုင် ပါဝင်ကပြမည့် ဇိုလ် ကာတွန်းအငြိမ့်နှင့် ပြဇာတ်များလည်း တင်ဆက်သွားမည်ဖြစ်ပြီး ပွဲတော်သို့လာရောက်သည့် ကလေးသူငယ်များပျော်ရွှင်စေရန် နာမည်ကျော် ကာတွန်း ဇာတ်လိုက်ကျော်များ၏ ရုပ်ပုံများခင်းကျင်းထားပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကူးခြင်း၊ ကလေးများအတွက် ပျော်ရွှင်ဖွယ်ပုံများ ရေးဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ ကယ်ရီကေးချား ပညာရှင်များ၏ ပျော်စရာ ကယ်ရီကေးချား ရုပ်ပြောင်ရုပ်များကို ရယူခြင်းအပါအဝင် အခြားသော စိတ်အပန်းဖြေစရာ၊ ပျော်ရွှင်ဖွယ်ရာများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းနှင့်ဓာတ်ပုံ-သီသီမင်း)

## ဖတ်စရာ မှတ်စရာ

# နှစ်သစ်ကူးသတင်းကောင်းနှင့် မြန်မာပြည်

ယခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံရေးအခြေအနေ တော်တော်ထူးခြားနေပါသည်။ စင်စစ် ထူးခြားသည်ဆိုသော်လည်း နိုင်ငံသားအချို့ မျှော်လင့်သလို ဗရုတ်သုတ်ခဖြစ်နေပြီး ထူးခြားခြင်းမျိုးမဟုတ်။ တိုင်းပြည်ရှေ့ခရီးအတွက် စုပေါင်းညီညာလုပ်ဆောင်နိုင်နေသဖြင့် အေးအေးချမ်းချမ်း အခြေအနေကောင်း ဖြစ်ပေါ်နေခြင်းသာဖြစ်သည်။

သိကြသည့်အတိုင်း နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၌ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့သည်။ ရွေးကောက်ပွဲမကျင်းပမီအထိ အကြောင်းတစ်စုံတစ်ရာကြောင့် ဆူဆူပူပူအခြေအနေတွေ ဖြစ်လာမလားဟု မျှော်လင့်သူက မျှော်လင့်ခဲ့သည်။ သို့ရာတွင် ဘာမှဆူဆူပူပူဖြစ်လာခြင်းမရှိဘဲ ပါတီကိုးဆယ်ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသော တကယ့်ပါတီစုံရွေးကောက်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီ။ ရွေးကောက်ပွဲကြီးသည် တရားမျှတကြောင်း၊ လွတ်လပ်ခွင့် အပြည့်အဝရှိကြောင်းဆိုသည်။ အဖြေတစ်ခုတည်းကိုသာ တိုင်းတာသောပေတံစုံတွင် အဖြေပေါ်၏။ ကမ္ဘာ့ခေါင်းဆောင်အများက ချီးကျူးကြ၏။ ကျွန်တော်တို့ ရွေးကောက်ပွဲသည် တရားမျှတစွာ၊ လွတ်လပ်စွာနှင့် အောင်မြင်စွာ ပြီးဆုံးသွားသည်ကို မည်သူမျှမငြင်းနိုင်ကြ။ ပဋိပက္ခမျှော်လင့်သူတို့အတွက်မူ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်ခဲ့ရသည်။

တစ်ဖန် ရွေးကောက်ပွဲပြီးကာလ ရောက်လာပြန်ပါသည်။ ရွေးကောက်ပွဲ အေးအေးဆေးဆေး ကျင်းပနိုင်ပေမယ့် ရွေးကောက်ပွဲပြီးလျှင်တော့ ပွတ်တိုက်မှုတွေ ရှောင်ပြေးမရ မုချကို ဖြစ်လာမှာ၊ ကြည့်သာနေဟု မျှော်လင့်သူတို့ မျှော်လင့်ကြသည်။ ထိလွယ်ရှလွယ်သတင်းရေးလိုသူ နိုင်ငံခြားသားသတင်းသမားတို့လည်း စောင့်ကြည့်နေကြသည်။ သို့သော် အဆိုးမျှော်လင့်သူတို့ ထင်သလို အခြေအနေများက ဖြစ်မလာပါ။

ရွေးကောက်ပွဲတွင် ရှုံးနိမ့်သောပါတီကလည်း သူတို့ရှုံးတာကို တည့်တည့်ပင်ဝန်ခံသည်။ ရွေးကောက်ပွဲနိုင်ချင်လျှင် ပြည်သူတကယ်ကြိုက်သော ပါတီဖြစ်အောင်လုပ်ရမည်ဟု သူတို့ခံယူသည်။

တစ်ဖက်တွင်လည်း အောင်မြင်မှုအပေါ်တွင် ယစ်မူးမနေသင့်ချေ။ ပြည်သူက ရွေးချယ်ပေးလိုက်သော သူတို့ ကိုယ်စားလှယ်တွေ ပြည်သူ့လိုအပ်ချက်ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရန်သာ ဦးတည်ကြိုးပမ်းနေကြသည်။ ထို့ပြင် တစ်ချိန်တစ်ခါက ရပ်တည်မှုမတူခဲ့ကြသော ခေါင်းဆောင်တို့သည် နိုင်ငံအကျိုးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်း နိုင်ခဲ့ကြပြီလည်းဖြစ်သည်။

တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ၏ အသီးအပွင့်များအဖြစ် ယခုအခါ တာဝန်လွှဲပြောင်းယူရေးကိစ္စကို စီစဉ်နေကြပြီဖြစ်သည်။

အဆိုးမျှော်သူအချို့ကမူ ဤတာဝန်လွှဲပြောင်းယူရေး ကာလနှင့် တာဝန်လွှဲပြောင်းယူပြီး ကာလတို့တွင် အခြေအနေဆိုးလာနိုင်သည်ဟု မျှော်လင့်ဆဲ။ သို့သော် ထိုပုဂ္ဂိုလ်များမျှော်သလို တာဝန်လွှဲပြောင်းယူရေး ကာလတွင်လည်း ပွတ်တိုက်မှုများ ပြင်းထန်စွာ ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ပါဟု ဆိုချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ယနေ့အချိန်အခါတွင် တိုင်းပြည်ကို တကယ်တိုးတက်စေလိုသည့်ဆန္ဒအပေါ် အခြေခံ၍ ကြုံတွေ့ခဲ့ရသော လူမှုရေးဒုက္ခအပေါင်းမှ လွတ်မြောက်အောင် စိတ်ကောင်း၊ စေတနာကောင်းနှင့် ဝိုင်းဝန်းဆောင်ရွက်နေကြ၍ ဖြစ်ပါသည်။ အဆိုးမြင်ချင်သည့် နိုင်ငံခြားသား သတင်းသမားတချို့ ရေးစရာ မကောင်းသတင်းမရှိအောင် ဖြစ်လာပါလိမ့်မည်။

ယခုလိုနှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်းချိန်ကာလတွင် မြန်မာပြည် တစ်ဝန်း ကောင်းသတင်းလွှမ်းလျက်ပဲမို့ တိုးတက်သာယာဝပြောရေးကို ရှေးရှုနေပါသည်ဟုဆိုပါရစေ။

(တင်မောင်အေး)

# အင်းလေးဒေသရှိ ခရမ်းချဉ်သီးစိုက်တောင်သူများ အရှုံးနှင့်ရင်ဆိုင်နေရ

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

ယခုအချိန်သည် မြန်မာတစ်နိုင်ငံလုံး၌ ခရမ်းချဉ်သီးများ တစ်ပြိုင်တည်း ထွက်ရှိနေပြီး အင်းလေးဒေသတွင်မူ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၀၀ ဈေးသာ အရောင်းအဝယ်ဖြစ်နေပြီး ဈေးကွက်ပျောက်နေသဖြင့် တောင်သူများမှာ လုပ်အားခရှုံး၊ စရိတ်ရှုံး၊ မျိုးစေ့ဖိုးဆုံးကာ အရှုံးနှင့်ရင်ဆိုင်နေကြကြောင်း သိရသည်။

ခရမ်းချဉ်သီးဈေးကွက်မှာ ဝါထပ်သောနှစ်များတွင် ဈေးကွက်ပျက်ပြီး သုံးနှစ်တစ်ကြိမ်ခန့် ဖြစ်ပွားတတ်ကြောင်းနှင့် ညောင်ရွှေရှိ ခရမ်းချဉ်သီးပွဲရုံများတွင် ဝယ်လက်မရှိတော့သဖြင့် အခြားမြို့များသို့ ခရမ်းချဉ်သီး မတင်ပို့နိုင်သဖြင့် ပွဲရုံရှိ ခရမ်းချဉ်သီး အမှည့်များကို ပွဲရုံတစ်ရုံလျှင် အချိန် ၄၀၀၀ ကျော်ခန့် အလဟဿဖြစ်နေကြောင်း သိရသည်။

ထို့အပြင် ယခုကဲ့သို့ ဆောင်းရာသီတွင် နှင်းခါးရိုက်၍ ခရမ်းချဉ်သီးများ အမည်းရောင်လိုက်ပြီး ရောင်းတန်းမဝင်သဖြင့် တောင်သူများအနေဖြင့် ဆုံးရှုံးမှုများလည်း ရှိကြောင်းလည်း သိရသည်။

ခရမ်းချဉ်သီးကို အင်းလေးဒေသတွင် ရွာပေါင်း ၃၀ ကျော်စိုက်ပျိုးကြပြီး ကေလာကျေးရွာ၊ မင်းချောင်းကျေးရွာ၊ ကျေးစားကုန်းကျေးရွာ၊ တုံးလည်ကျေးရွာ၊ တောင်ပို့ကြီးကျေးရွာ၊ ကျွန်းကြီးကျေးရွာနှင့် သပြေပင်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြသည်။

ခရမ်းချဉ်သီး စထွက်ချိန်တွင် တစ်ရက်လျှင် ပိဿာချိန် ၂၅၀၀၀၀ ခန့်ထွက်ရှိပြီး တစ်တင်း ပိဿာ ၃၀ လျှင် ကျပ် ၅၀၀၀ မှ ၆၀၀၀ အထိ ရရှိကြသည်။

ညောင်ရွှေတွင် ခရမ်းချဉ်သီးပွဲရုံ ၅၀ ခန့်ရှိပြီး ခရမ်းချဉ်သီးပွဲရုံများမှာ အင်းခရမ်းချဉ်သီးများကို ၁၂ ဘီးကား၊ ၁၀ ဘီးကားများဖြင့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းမြို့များသို့ လက်ကားတင်ပို့ကြကြောင်း သိရသည်။

ခရမ်းချဉ်သီးကို ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ စစ်ကိုင်းတို့တွင် မုံရွာ၊ ချောင်ဦး၊ မြောင်းမြို့နယ်များတွင် စိုက်ပျိုးကြကာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် အောင်ပန်း၊ ရွာငံ၊ ရွှေညောင်၊ ညောင်ရွှေနှင့် အင်းလေးဒေသများတွင် အများဆုံးစိုက်ပျိုးကြသည်။

တင်လှိုင်(မိတ္ထီလာ)



# မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်) အဆောက်အအုံ ပန္နက်တင်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က တည်ဆောက်ဖွင့်လှစ်မည့် မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်) အဆောက်အအုံ ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ မြက်ခင်းတု ဘောလုံးကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူတို့က ရတနာပန္နက်တော်များကို စိုက်ထူကြ၍ ပန္နက်တော်များကို တွင်းတော်ဝန်းကြသည်။

ထို့နောက် ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအတွက် ဘောလုံးအလုံး ၅၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ ပေးအပ်သည်။

မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)သည် အလျား ၂၄၇ ပေ၊ အနံ ၄၉ ပေရှိပြီး ကစားသမားအဆောင်၊ သင်ကြားရေးခန်းမများ၊ စားသောက်ခန်းမနှင့် လေ့ကျင့်ရေးကွင်းများအပြင် ရေကူးကန်နှင့် စားသောက်ဆိုင်များ၊ ကာယလေ့ကျင့်ခန်းမများကို ထည့်သွင်းဆောက်လုပ်မည်ဖြစ်သည်။ အဆောက်အအုံကို အမေရိကန်ဒေါ်လာ ၇၈၄၇၉၄ ဒေါ်လာ အကုန်ကျခံတည်ဆောက်သွားမည်ဖြစ်သည်။

ဆက်လက်၍ MFF U-14 Boys 100 Plus Super Cup 2015 ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်ခင်သက်ဌေးက ပြိုင်ပွဲဝင်အသင်းအားလုံးအတွက် အလှူငွေကျပ်သိန်း ၃၀ နှင့် ဘောလုံးအလုံး ၁၅၀ ကို ပေးအပ်သည်။

ယင်းနောက် ယနေ့ယှဉ်ပြိုင်ကစားကြမည့် မန္တလေးအကယ်ဒမီ(က)အသင်းနှင့် ဧရာဝတီအကယ်ဒမီအသင်းတို့က ကွင်းအတွင်းဝင်ရောက်နေရာယူကြကာ ဝန်ကြီးချုပ်က သတ်မှတ်နေရာမှ ဘောလုံးအား စတင်ကန်သွင်း၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးပြီး ဘောလုံးယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲကို အသင်းရှစ်သင်းမှ အုပ်စုပတ်လည်စနစ်ဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**



# အလုပ်သမားရှားပါးမှုကြောင့် ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုသူများလာ

**မြန်အောင် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် တောင်သူများအနေဖြင့် ယခုနှစ် မိုးစပါးများ ရိတ်သိမ်းခြွေလှေ့မှုပြုလုပ်ရာတွင် မိရိုးဖလာရိတ်သိမ်းခြွေလှေ့ခြင်းများကို ပြုလုပ်မှုနည်းပါးလာပြီး ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုမှုများလာသည်ဟု ရိတ်သိမ်းခြွေလှေ့စက်ပိုင်ရှင်တစ်ဦးက ပြောသည်။

လယ်ပိုင်ရှင်တစ်ဦးက "စပါးကနောက်ကျမှရိတ်ရရင် အလေအလွင့်များတယ်။ စပါးပင်ကိုရိတ်ရတယ်။ ကောက်လှိုင်းသယ်ရတယ်။ နောက်ပြီးဟိုတုန်းကဆို နွားနဲ့စပါးကိုနယ်ပြီး လေကြောင်းကောင်းတဲ့နေရာမှာ စပါးလှေ့ရတယ်။ ဒါတွေကမိရိုးဖလာလုပ်လာတာ။ လုပ်သားလည်းလိုသလို လက်စားလည်းလိုက်ကြတယ်။ ခုတော့စပါးကို ရိတ်ပြီး ကောက်လှိုင်းသယ်၊ လက်တွန်းထွန်စက်နဲ့နယ်၊ ပြီးရင် စက်နဲ့လှေ့လိုက်ကြတာတွေလည်းရှိတယ်။ ခုတော့ ရိတ်သိမ်းခြွေလှေ့စက်နဲ့ဆိုတော့ အဆင်ပြေသွားတာပါ" ဟု ပြောသည်။

"အလုပ်သမားက ရှားလာတယ်။ ကောက်စိုက်တာတောင်ခုဆို ကြခင်းစနစ်ကို သွားနေရတယ်။ လေ့လာနေရတယ်။ လယ်ထွန်ပြီးစပါးစိုက်ဖို့ ကောက်စိုက်သမရှားလာတော့ လာမယ့်နှစ်တော့ ကြခင်းပဲလုပ်တော့မယ်လို့စိတ်ကူးထားတယ်"ဟု မကျီးကွင်းကျေးရွာမှ လယ်သမားတစ်ဦးက ပြောသည်။

ဆန်နီချောင်ကျေးရွာတွင် ယခုဆိုလျှင် ရိတ်သိမ်းခြွေလှေ့စက်ရှိလာသဖြင့် ကောက်ရိတ်သိမ်းခြွေလှေ့ရသည့်အချိန် သက်သာသွားကြောင်း၊ ကောက်လှိုင်းသယ်ရခြင်း၊ လှေ့ရခြင်းများမရှိတော့ဘဲ ကောက်ပင်များကို တစ်ခါတည်းရိတ်သိမ်းခြွေလှေ့ပြီး အိတ်အတွင်းထည့်ကာ စပါးကုန်သည်ကို တစ်ခါတည်းရောင်းချနိုင်သဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကောက်ရိတ်ခက လယ်တစ်ရာစီးက ကျပ်ရှစ်သောင်းလောက်ဖြစ်နေတယ်။ ကောက်ရိတ်ပြီး ကောက်လှိုင်းသယ်ခရယ်၊ ခြွေလှေ့ခရယ်နဲ့၊ ခုရိတ်သိမ်းခြွေလှေ့စက်က လယ်တစ်ရာစီး (လယ်နှစ်ဧက)ကို စပါးပင်လဲနေရင် ငွေကျပ် တစ်သိန်းတစ်သောင်းယူတယ်။ စပါးပင်ကမလဲဘဲ ပင်ထောင်နေရင် ကျပ်တစ်သိန်းပဲယူတယ်။ တစ်ခါတည်း စပါးအိတ်ထဲကို ရောက်သွားတော့ အလုပ်သမားပြဿနာမရှိတော့ဘူး"ဟု သပြေကုန်းကျေးရွာမှ လယ်သမားတစ်ဦးက ဆိုသည်။

လယ်သမားများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်ကိုအသုံးပြုခြင်းဖြင့် စပါးအလေအလွင့်နည်းပါးပြီး လုပ်ငန်းများလည်း လျင်မြန်စွာပြီးစီးကြောင်း၊ သို့သော်လည်း စက်အင်အားနည်းနေသေးသဖြင့် စက်အင်အားများများရှိပါက တောင်သူလယ်သမားများအတွက် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလုပ်ငန်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ

**မူဆယ် ဒီဇင်ဘာ ၂၈**

မူဆယ်မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရဲမှူးစိုးသန်းနှင့် အဖွဲ့ဝင်များ၊ အမှတ်(၁၂၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်စည်ပင်၊ လုပ်ငန်းလိုင်စင်နှင့် ပို့ဆောင် ဆက်သွယ်ရေးဦးစီးဌာန၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီစသည့် ပူးပေါင်းအဖွဲ့သည် မူဆယ်-နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီးရှိ ပန်ခမ်းတံတားအနီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးလုပ်ငန်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့သည်။

ယာဉ်ကြီး၊ ယာဉ်ငယ်တို့အား ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် စစ်ဆေးခြင်း၊ လိုင်စင်မဲ့ယာဉ်၊ ဆိုင်ကယ်များအား အသုံးပြုလက်ဝယ်ထားရှိပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လက်ရှိပြဋ္ဌာန်းထားသော မော်တော်ယာဉ်ဥပဒေအား ရှင်းပြခဲ့သည်။



မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လိုင်စင်မဲ့ယာဉ်များအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၁၂၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲမှူးကျော်ကျော်ထွန်းက ပြောကြားခဲ့သည်။

**ဆရာမောင်(မူဆယ်)**

# ကွမ်းခြံများပျက်စီးမှုနှင့်အတူ အထွက်နှုန်းနည်းသဖြင့် ကွမ်းရွက်ဈေးမြင့်တက်

**ကောလင်း ဒီဇင်ဘာ ၂၉**

ယခုရက်ပိုင်းတွင် ကွမ်းရွက်ဈေးများမြင့်တက်ခဲ့မှုကြောင့် ကောလင်းမြို့၌ ကွမ်းယာဆိုင်လုပ်ငန်းများ အရောင်းအဝယ်အေးလာပြီး စားသုံးသူများလည်း အဆင်မပြေမှုများရှိနေကြောင်း ကွမ်းရွက်ရောင်းချသူများထံမှ သိရသည်။

"နှစ်စဉ် ဆောင်းတွင်းပိုင်းရောက်ရင် ကွမ်းရွက်ဈေးတက်တာရှိပါတယ်။ မနှစ်က ဆောင်းတွင်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ပဲရှိတာ။ အခုက တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ပေးဝယ်ရသလို ကွမ်းသီးဈေးကလည်း မနှစ်က တစ်ပိဿာ ကျပ် ၄၅၀၀ ပဲရှိတာ။ အခုက တစ်ပိဿာ ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ အထိ ဝယ်နေရတယ်။ အခုကွမ်းရွက်ကလည်း ဈေးတက်၊ ကွမ်းသီးကလည်းဈေးတက်တော့ ကျွန်မတို့ ကွမ်းယာရောင်းစားတဲ့သူတွေ အဆင်မပြေတော့ဘူး။ အခုလိုဈေးတက်တော့ ရောင်းသူလည်းမကိုက်၊ ဝယ်သူလည်းမကိုက် ဖြစ်နေတာပါ"ဟု ကွမ်းယာရောင်းသူတစ်ဦးက ပြောသည်။

ကောလင်း ကွမ်းရွက်ဈေးကွက်အတွင်းသို့ ရွှေဘို၊ ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ မုံရွာမြို့နယ်များမှ ကွမ်းရွက်အများဆုံး ဝင်ရောက်လေ့ရှိပြီး ယခုနှစ်မိုးရာသီကာလတွင် ရေကြီးရေလျှံမှုများကြောင့် ကွမ်းစိုက်တောင်သူအချို့၏ကွမ်းခြံများ ပျက်စီးဆုံးရှုံးမှုရှိခြင်းနှင့် ဒီဇင်ဘာလအတွင်း အအေးပိုခဲ့သည့် ရာသီဥတုကြောင့် ကွမ်းရွက်များအထွက်နည်း၍ အဝင်နည်းလာသဖြင့် ကွမ်းရွက်ဈေးမှာ အောက်တိုဘာနောက်ဆုံးပတ်မှ တဖြည်းဖြည်းမြင့်တက်လာခဲ့သည်။

ကွမ်းရွက်ဈေးမှာ ယခင်နှစ် ဒီဇင်ဘာကုန်ပေါက်ဈေးထက် ယခုနှစ်ပေါက်ဈေး မှာ ပို၍မြင့်မားနေကြောင်း ကွမ်းရွက်ဒိုင်ထံမှ သိရသည်။

**စိုင်းလူမင်း(မီဒီယာဂရု)**

# ကသာမြို့နယ်ရှိ ရပ်/ကျေး အုပ်ချုပ်ရေးမှူးအသစ်များ စတင်ရွေးချယ်

**ကသာ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကို အသစ်တစ်ဖန်ရွေးချယ်တင်မြှောက်ခြင်းအတွက် ကြီးကြပ်ရေးမှူးရွေးချယ်ခြင်း၊ ဆယ်အိမ်စုမှူးရွေးချယ်ခြင်း၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ခြင်း စသည့် အဆင့်ဆင့်ရွေးချယ်ဆောင်ရွက်ခြင်းအား ဒီဇင်ဘာ ၂၇ နှင့် ၂၈ ရက်တို့တွင် စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကသာမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ရာ၌ ကြီးကြပ်ဆောင်ရွက်ပေးမည့် ကြီးကြပ်ရေးမှူးများကို ဦးစွာရွေးချယ်ကြသည်။ ထို့နောက် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများဆန္ဒအလျောက် ရွေးချယ်ဆန္ဒပြုသော ဆယ်အိမ်မှူးများကို ရွေးချယ်ကြသည်။

ထိုသို့ ရွေးချယ်ခြင်းခံရသော ဆယ်အိမ်စုမှူးများက မိမိတို့ရပ်ကွက်၊ ကျေးရွာအတွက် ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ပေးနိုင်သောသူကို ဆန္ဒပြုရွေးချယ်ခြင်းဖြင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးတစ်ဦး ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ကသာမြို့ ရပ်/ကျေး အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ပွဲသို့ ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ၊ ရပ်/ကျေး စာရေးများ၊ ရပ်မိရပ်ဖများ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူ ရပ်ကွက်၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

# မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးဌာနနှင့် ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုဇုန်နယ်မြေ ဝါးတစ်ရာရှိ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၉)သစ်စက်၏ မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ဇာတ်တိုက် လေ့ကျင့်သရုပ်ပြပွဲ အခမ်းအနားကို အမှတ်(၉) သစ်စက်ရှင်းလင်းဆောင်ခန်းမ၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အမှတ်(၉)သစ်စက် မန်နေဂျာ(စက်ရုံမှူး) ဦးတင်မောင်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုကြီးက အသိပညာပေးဟောပြော၍ ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်သူထွန်းက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို အမှတ်(၉)သစ်စက်ရှိ အရာထမ်း/အမှုထမ်းများနှင့် အတူ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(ဌေးကြိုင်)**

## သတိပေးနှိုးဆော်ချက်

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲ အချိန်မှစတင်၍ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အမေရိကန်၌ သားဦးရင်သွေးကို ဖွားမြင်ခဲ့တဲ့ ကျန်းကျိယီ



တရုတ်မင်းသမီးချောတစ်ဦးဖြစ်သည့် ကျန်းကျိယီသည် သူ၏ သားဦးရင်သွေးဖြစ်သည့် သမီးရတနာလေးကို အမေရိကန်၌ ဒီဇင်ဘာ ၂၇ ရက်တွင် အောင်မြင်စွာဖွားမြင်ခဲ့ကြောင်း အေ့စ်ရှိုးဘေ့စ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

သူသည် ရင်သွေးလေးကို ဖွားမြင်ရန်အတွက် ခင်ပွန်းဖြစ်သူ ရော့ခ်အဆိုတော်နှင့် တေးရေးဆရာ ဝမ်ဖန်းနှင့် မိခင်ဖြစ်သူတို့နှင့်အတူ အမေရိကန်သို့ ထွက်ခွာခဲ့ကြပြီး ရင်သွေးလေး ဖွားမြင်ပြီးနောက် သမီးလေး၏လက်ကို လူကြီးနှစ်ဦးက တွဲထားသည့်ဓာတ်ပုံကို ကျန်းကျိယီက ဒီဇင်ဘာ ၂၈ ရက်တွင် တရုတ်လူမှုမီဒီယာမှတစ်ဆင့် ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါဓာတ်ပုံနှင့်အတူ အသက်(၃၆)နှစ်အရွယ် မင်းသမီးကျန်းကျိယီက "၂၀၁၅ ဒီဇင်ဘာ ၂၇ရက်မှာ ကျွန်မရယ်၊ သူရယ်၊ သမီးလေးရယ် အခုလိုဘဝသစ်တစ်ခုကို အစပြု ပေးနိုင်ခဲ့ပြီး မိသားစုဘဝလေးတစ်ခုကို ဖန်တီးနိုင်ခဲ့ပါပြီ။ အခုတော့ အရာရာဟာချောချော မွေ့မွေ့အဆင်ပြေပြေ ပြီးဆုံးသွားခဲ့ပါပြီ"ဟုလည်း ပူးတွဲရေးသားဖော်ပြခဲ့သည်။

ယခုမွေးဖွားခဲ့သော ရင်သွေးလေးသည် ကျန်းကျိယီအတွက် သားဦးဖြစ်သော်လည်း သူ၏ခင်ပွန်းဖြစ်သူ ဝမ်ဖန်းအတွက်မူ တတိယမြောက်ရင်သွေးဖြစ်သည်။ သူ့တွင် ယခင် အတူနေချစ်သူနှင့် မွေးဖွားခဲ့သည့် သမီးနှစ်ဦးရှိသည်။ ကျန်းသည် ဝမ်ဖန်း၏ လက်ထပ်ခွင့် တောင်းဆိုမှုကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီက လက်ခံခဲ့ပြီးနောက် မတ်လတွင် လက်ထပ် ခဲ့ကြခြင်းဖြစ်သည်။

# လာမယ့်စူပါဂျူနီယာရဲ့ ဖျော်ဖြေပွဲမှာ မယ်စကြဝဠာကို လာရောက်အားပေးဖို့ ဖိတ်ခေါ်လိုက်တဲ့ ချာဆီဝမ်

၂၀၁၅ခုနှစ် မယ်ဝကြဝဠာအဖြစ် အရွေးချယ်ခံခဲ့ရတဲ့ ဖိလစ်ပိုင်အလှမယ် ပီယာ အလိုဂျိုဝက်ဇ်ဘာ့ခ်ျဟာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြ ရေးသားထားတဲ့ အချက်အလက်တွေအရ သူဟာ တောင်ကိုရီးယားနာမည်ကျော် အမျိုးသားပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ စူပါဂျူနီယာရဲ့ အမာခံပရိသတ် တစ်ဦးဆိုတာ သိခဲ့ရပါတယ်။

ယင်းကိုရှာဖွေတွေ့ရှိသွားတဲ့ တောင်ကိုရီးယားမီဒီယာတွေက ပီယာဟာ စူပါဂျူနီယာရဲ့ ပရိသတ်တစ်ဦးဖြစ်ကြောင်း ဖော်ပြခဲ့ကြပြီးနောက် အားလုံးက အဆိုပါသတင်းအပေါ် စူပါဂျူနီယာအဖွဲ့ရဲ့ တုံ့ပြန်မှုကို စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြရာ ပြီးခဲ့တဲ့ရက်ပိုင်းက စူပါဂျူနီယာအဖွဲ့ခေါင်းဆောင် ချာဆီဝမ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာ ကနေတစ်ဆင့် မယ်စကြဝဠာကို သူ့ရဲ့ လာမယ့်တေးဂီတဖျော်ဖြေပွဲကို လာရောက် အားပေးဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

ချာဆီဝမ်က "၂၀၁၅ ခုနှစ်ရဲ့ မယ်စကြဝဠာဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဂုဏ်ယူ ပါတယ်။ ကျေးဇူးပြုပြီး လာမယ့်စူပါဂျူနီယာရဲ့ နယ်လှည့်ဖျော်ဖြေပွဲမှာ မင်းကို စူပါဂျူနီယာရဲ့ပရိသတ်တစ်ဦးအဖြစ် မြင်တွေ့ခွင့်ရပါရစေ။ ကမ္ဘာကြီးကို တောက်ပသွားစေတဲ့ အလှတရားတွေကို ပိုင်ဆိုင်ထားတဲ့ မင်းနဲ့တွေ့ဆုံခွင့် ရဖို့ စောင့်မျှော်နေပါတယ်"လို့ ပီယာကို ရည်ညွှန်းရေးသားဖော်ပြခဲ့ပါ တယ်။

မယ်စကြဝဠာဆုရှင် ပီယာကလည်း "အခုလိုဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီဖိတ်ခေါ်မှုကို တကယ်လည်း လိုလားနှစ်သက်မိပါ တယ်"လို့ ယင်းဖော်ပြမှုတွင် ပြန်လည်ရေးသားခဲ့ကာ တောင်ကိုရီးယားဘာသာနဲ့ "မင်္ဂလာပါ" လို့လည်း ပြန်လည်နှုတ်ဆက်ခဲ့ပါတယ်။





အေးပြည့် - စုစည်းသည်



# "Motorhead" တေးဂီတအဖွဲ့ဝင် လန်မိုင်ကေးလ်မိုက်စ်တာ ကွယ်လွန်

ဗြိတိန်ရော့ခ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် "Motorhead"မှ အဆိုတော် တစ်ဦးဖြစ်သူ လန်မိုင်ကေးလ်မိုက်စ်တာသည် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၈ ရက်(တနင်္လာနေ့)က အဆိုပါတေးဂီတအဖွဲ့၏ တရားဝင် ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့ကြောင်း အေ့စ်ရှိုး ဘေ့စ်ဒေ့ါကွန်းတွင် ဖော်ပြခဲ့သည်။

ကေးလ်မိုက်စ်တာသည် ကွယ်လွန်ချိန်တွင် အသက်(၇၀)ရှိပြီဖြစ်ကာ ကင်ဆာရောဂါမှာ သူ၏ခန္ဓာကိုယ်အတွင်း အလွန်ပျံ့နှံ့နေခဲ့ပြီဖြစ်သည်။

သူသည် မသေဆုံးမီနှစ်ရက်ခန့်အလို ဒီဇင်ဘာ ၂၆ ရက်တွင် အဆိုပါ ကင်ဆာရောဂါခံစားနေခဲ့ရသည်ကိုသိရှိခဲ့သည်။ ကေးလ်မိုက်စ်တာခံစားခဲ့ရသော ကင်ဆာရောဂါအမျိုးအစားကိုမူ ဖော်ပြခဲ့ခြင်းမရှိပေ။

ကေးလ်မိုက်စ်တာသည် ဗြိတိန်ရော့ခ်တေးဂီတလောကရှိ ကျော်ကြားခဲ့ သော ရော့ခ်တေးသံရှင်များအနက် တစ်ဦးဖြစ်ပြီး သူမကွယ်လွန်မီအထိ "Motorhead" တေးဂီတအဖွဲ့တွင် ပါဝင်ဖျော်ဖြေခဲ့သည်။

အဆိုပါတေးဂီတအဖွဲ့ "Motorhead"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒရမ်တီးသူဖြစ်သည့် ပေးလ်တေလာသည်လည်း လွန်ခဲ့သည့် လအတွင်းက ကွယ်လွန်သွားခဲ့သည်။

## ဓာတ်ပုံလွဲမှားမှုအတွက် တောင်းပန်

၂၉-၁၂-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၂ တွင် ဖော်ပြပါရှိသော "Marco Polo ရုပ်ရှင်သစ်ရဲ့ ရိုက်ကူးရေးလုပ်ငန်းကို စတင်နေပြီဖြစ်တဲ့ မီရှဲလ်ယို" သတင်း၌ ပါရှိသည့် သတင်းဓာတ်ပုံ လွဲမှားဖော်ပြခဲ့မှုအတွက် အနူး အညွတ် တောင်းပန်အပ်ပါသည်။

(စာတည်း)

# ရုပ်မြင်သံကြားအစီအစဉ်များ

[၃၀ - ၁၂ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(စွမ်းဆောင်ရည် ပြည့်ဝသော စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ် လာရန်လိုအပ်ချက်များ) (အပိုင်း-၁) |
| ၈း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၀း၃၅ | အောင်မြင်သူနှင့်အတူ (ရုပ်ရှင်သရုပ်ဆောင်-ထူးသာ) |
| ၁၁း၁၅ | တူညီတွဲလက်ရှေ့အနာဂတ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားလှုငယ် အစီအစဉ် |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၅၇) |
| ၁း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၃၇) |
| ၃း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(စွမ်းဆောင်ရည် ပြည့်ဝသောစီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လာရန်လိုအပ်ချက်များ (အပိုင်း-၁)) |
| ၅း၁၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၅း၄၅ | သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည် မြန်မာပြည် (နိုင်ငံအသက်သွေး လွတ်လပ်ရေးထိန်းသိမ်းစို့ပင် ထာဝစဉ်) |
| ၆း၃၅ | ဘ၀ထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဆပ်ပြာသုံး၍မဖြူနိုင်" |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၃၈) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | အပြာရောင်ကမ္ဘည်း |
| ၈း၅၀ | အာဆီယံရာဇဝင်ထဲက သမိုင်းမှတ်တိုင် |
| ၉း၀၀ | ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၅၈) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -နှောင်းခေတ်တေးပဒေသာ |
| ၆း၁၅ | ပြည်သူ့နီတိ "မွေ့ခံထိုက်စေ" |
| ၆း၄၀ | ဝတ်စားဆင်ယင်မှုပြပွဲ (စစ်ကြိုခေတ်) |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂၉) |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၅ | Catch Asia News (Part-23) |
| ၉း၀၀ | ပြည်သူ့နီတိ "စံပေတံဖြင့်တိုင်းတာခြင်း" |
| ၉း၂၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | Myanmar-Japan Symphony Or chestra (Beethoven) |
| ၁၀း၀၀ | မြန်မာ့ရုပ်ရှင်(ဖြူ/မည်း) "နေခြည်ဖြာမှ နွေးသော်ကြောင့်" (အောင်လွင်၊ နွဲ့နွဲ့မူ (ဒါရိုက်တာ-စံရွှေမောင်) |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၄၀ | "ကျေးဇူးရှင်များကျေးဇူးဆပ်ပါ" တရားတော်[ဆရာတော် အရှင်ပဏ္ဍိတ(ပျော်ဘွယ်)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၆) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၈၀) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၂၅ | MRTV-4 Stage |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၆) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၂၇) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၆) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၇) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါ စံအိမ်" (အပိုင်း-၂၈) |
| ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၈၁) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၇) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၀ | မျိုးချစ်တပ်မတော် |
| ၆း၃၅ | မှတ်တမ်း |
| ၆း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၃၅ | ဇာတ်လမ်းတို |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၈း၅၀ | သူနှင့်သူ၏သီချင်းများ |
| ၉း၀၀ | စာပေအလင်းစာပေသတင်း |
| ၄း၁၅ | လျှပ်တစ်ပြက် |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | ရှေးဟောင်းသုတ |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၁၀၃) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၆ | Amazing Cities |
| ၆း၁၅ | Meet Whith The Celebrities |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရာရာထက်မင်း အပိုင်း(၅၀) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရယ်စရာပျော်စရာဟာသကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် မြဝတီရုပ်မြင်သံကြားသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မောင်မောင့်ချစ်သူလေဒီဒီဖိုင်နာ အပိုင်း(၁၆) |

## (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြုဘောလုံးပြိုင်ပွဲကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းနှင့် မြို့နယ်အား/ကာကော်မတီတို့ပူးပေါင်း၍ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသက်(၁၅)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (ဖူဆယ်)ကိုဒီဇင်ဘာ ၂၉ ရက်နေ့ နံနက် ၈ နာရီကရန်ပယ်ပြည်သူ့အားကစားကွင်းကြီး၌ ဖွင့်ပွဲကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့ပေါ်(၁၀)ရပ်ကွက်မှအသင်းပေါင်း ၁၂ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဖွင့်ပွဲအဖြစ်တောင်ပြင် (၁)ရပ်ကွက်အသင်းနှင့် တောင်ပြင် (၂)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြကြောင်း ဆုရရှိသည့် အသင်းများအား (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားတွင်ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၈၀)

## ချယ်လ်ဆီးကွင်းလယ်လူ ဖာဘရီဂတ်အားခေါ်ယူရန် ဂျူဗင်တပ်နှင့် အင်တာမီလန်အပြိုင်ကြိုးပမ်းနေ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား ဖာဘရီဂတ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန် ရုန်းကန်နေရသော်လည်း အီတလီစီးရီးအေကလပ်အသင်းများဖြစ်ကြသည့် ဂျူဗင်တပ်အသင်းနှင့် အင်တာမီလန်အသင်းတို့သည် ဖာဘရီဂတ်အားခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ကွင်းလယ်ကစားသမားဖာဘရီဂတ်အနေဖြင့် ပုံမှန်ကစားခွင့်ပျောက်ဆုံးနေသည့် ချယ်လ်ဆီးအသင်းမှ ထွက်ခွာဖြစ်မည်ဆိုပါက ဂျူဗင်တပ်အသင်းနှင့် အင်တာမီလန်အသင်းတို့က လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဟုဆိုထားသည်။

ဂျူဗင်တပ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အဓိကကစားသမားအများအပြားဆုံးရှုံးခဲ့ရခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းမှာ ထင်သလောက်ခရီးမပေါက်ခဲ့ပေ။ ထို့ကြောင့် အာဆင်နယ်နှင့် ဘာစီလိုနာကစားသမားဟောင်းတစ်ဦးဖြစ်သူ ဖာဘရီဂတ်ကို ခေါ်ယူရန် ဆန္ဒပြင်းပြနေခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အင်တာမီလန်အသင်းသည်လည်း လက်ရှိတွင် အီတလီစီးရီးအေအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်တစ်နေရာရရှိရန်အတွက် အသင်း၏ ကစားသမားအင်အားတောင့်တင်းမှုကို ထပ်မံဖြည့်တင်းရန် စီစဉ်ထားကြောင်း သိရသည်။




ကွင်းလယ်ကစားသမား ဖာဘရီဂတ်သည် ဝက်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ဂိုးမရှိသရေကျခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင်လည်း ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။

(ငွေကြယ်)




## အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယား ဖေဖော်ဝါရီလအထိ အနားယူရမည်

အာဆင်နယ် ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် ဒဏ်ရာပြဿနာကြောင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ်နှင့် အင်္ဂလန်ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် ရာသီအကြိုပွဲစဉ်များ ယှဉ်ပြိုင်ကစားစဉ် ခြေထောက်ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတစ်ခုလုံး အာဆင်နယ်အသင်းတွင် ပွဲထွက်မကစားနိုင်ခဲ့ပေ။ သို့ရာတွင် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်ကမူ လာမည့်နွေရာသီကာလအတွင်း ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်မူ အသင်းနှင့်အတူ ပြန်လည်ပါဝင်လာရန်မျှော်လင့်ထားကြောင်းသိရသည်။

ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် ကစားသမားဘဝတစ်လျှောက်တွင် ဒဏ်ရာပြဿနာအတော်များများ ကြုံတွေ့ခဲ့ရပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာက ခြေချင်းဝတ်ဒဏ်ရာကြောင့် သီတင်းငါးပတ်၊ ၂၀၁၀ ခုနှစ် ဇန်နဝါရီလက တံကောက်ကြောဒဏ်ရာကြောင့် သီတင်းငါးပတ်၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာက နောက်ကြောဒဏ်ရာကြောင့် သီတင်းနှစ်ပတ်၊ ၂၀၁၃ ခုနှစ် မတ်လက ခြေချင်းဝတ်ဒဏ်ရာကြောင့် သီတင်းလေးပတ်၊ ၂၀၁၃ ခုနှစ် မေလက ခြေချင်းဝတ်ဒဏ်ရာ ခွဲစိတ်ရခြင်းကြောင့် သီတင်းခုနစ်ပတ်၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ၊ မတ်လ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စုစုပေါင်း ရှစ်လကြာ အနားယူခဲ့ရကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင်လည်း ခြေချင်းဝတ်ဒဏ်ရာ ထပ်မံရရှိခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ အနားယူနေရသူဖြစ်သည်။

(ငွေကြယ်)

## ဘာစီလိုနာနိုင်ပွဲရဦးမယ့် စပိန်လာလီဂါရင်ခုန်သံ – ၁၈

LFP

*စပိန်လာလီဂါပြိုင်ပွဲစဉ် ၁၈ ကိုလာမယ့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၊ ၃၊ ၄၊၅ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်ဟာပွဲစဉ် ၁၇ နဲ့နီးကပ်နေတာကြောင့်ပွဲပန်းမှုတွေရှိလာနိုင်တာကိုသတိပြုရမှာဖြစ်ပြီး ဒီပွဲစဉ်မှာ ဗလန်စီယာနဲ့ ရီးယဲလ်မက်ဒရစ်တို့ဆုံတွေ့နေတာကြောင့်လည်းအကြိတ်အနယ်ရှိမှာပါ။*

ရှိုင်းမင်းမင်း



**အက်စ်ပန်ညို-ဘာစီလိုနာ ည ၉း၃၀(၂-၁-၁၆)**

အက်စ်ပန်ညိုက ခြေစွမ်းပိုင်းအားနည်းမှုတွေဖြစ်ပေါ်နေတယ်။ ဒါကြောင့်အက်စ်ပန်ညိုအနေနဲ့ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့်လည်း ဘာစီလိုနာကို တုံ့ပြန်ကစားနိုင်ဖို့ မလွယ်ကူနိုင်ပါဘူး။ ဘာစီလိုနာမှာ လူစုံနေပြီဖြစ်သလို ခြေစွမ်းပိုင်းလည်းကောင်းနေလို့ ဘာစီလိုနာပဲအနိုင်ရဖို့သေချာပါတယ်။

**အက်သလက်-လီဗန်တေး နံနက် ၂း၀၀(၃-၁-၁၆)**

လီဗန်တေးဟာဒီရာသီမှာ ခြေစွမ်းပိုင်းအတော်လေးအားနည်းပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အဆုံးသတ်အတော်လေး အားနည်းတာကြောင့် အက်သလက်တီကိုရဲ့ ကွင်းမှာ တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲနေမှာ သေချာတယ်။ အက်သလက်တီကို တိုက်စစ်ကသာမန်သာရှိပေမယ့် ဒီပွဲတော့နိုင်ပွဲရဖို့ သေချာတယ်။

**မာလာဂါ-ဆယ်တာဗီဂို နံနက် ၃း၁၅ (၃-၁-၁၆)**

အခုနောက်ပိုင်းမှာ မာလာဂါရဲ့ခြေစွမ်းပိုင်း ကောင်းမွန်လာသလို ရလဒ်တွေလည်း ဆက်တိုက်ကောင်းနေတယ်။ ရှေ့ပွဲစဉ်တွေတုန်းကလည်းအမှတ်တွေဆုံးရှုံးထားရလို့ ဂရုတစိုက်ကစားမှာဖြစ်သလိုအိမ်ကွင်းလည်း ဖြစ်နေတယ်။ ဆယ်တာဗီဂိုခြေစွမ်းမဆိုးပေမယ့် မာလာဂါ သရေလောက်ကစားနိုင်မှာပါ။

**ဗယ်လီကာနို-ဆိုစီဒက် ညနေ ၅း၃၀ (၃-၁-၁၆)**

ဆိုစီဒက်ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် အခုနောက်ပိုင်းမှာ ခံစစ်က ပွဲတိုင်းနီးပါးဂိုးတွေပေးနေရတယ်။ ဒါပေမယ့် ဗယ်လီကာနိုကလည်း အိမ်ကွင်းကစားအားသာရှိပြီး လက်ရှိခြေကအတော်လေးအားနည်းပါတယ်။ ဒါကြောင့်ဆိုစီဒက်ကိုအခွင့်အရေးရနိုင်ပြီး နိုင်ပွဲလည်း ကပ်ရသွားနိုင်ပါတယ်။

**ဘက်တစ်-အီဘား ည ၉း၃၀ (၃-၁-၁၆)**

အီဘားကခြေစွမ်းပိုင်းအားနည်းလာပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းကတစ်ပွဲတစ်ဂိုးနှုန်းလောက်သွင်းနိုင်ဖို့အတွက်တောင်မှ ရုန်းကန်နေရပါတယ်။ ဘက်တစ်ကတော့ ခြေစွမ်းပိုင်းအရ သာမန်သာရှိပေမယ့်လည်း အိမ်ကွင်းအားနဲ့ဖိအားပေးသွားမှာ သေချာနေပါတယ်။ ဘက်တစ်ကသာနိုင်ပွဲရဖို့ရှိနေပါတယ်။

**ဂရန်နာဒါ-ဆီဗီးလ် ည ၉း၃၀ (၃-၁-၁၆)**

ဆီဗီးလ်ခြေစွမ်းပိုင်းက အခုနောက်ပိုင်းတည်ငြိမ်မှုရှိလာပါတယ်။ ဒါပေမယ့် ဆီဗီးလ်ဟာအဝေးကွင်းပွဲစဉ်တွေမှာတော့ တိုက်စစ်ကစားပုံအားနည်းတတ်ပြီး နိုင်ပွဲရဖို့လည်း ရုန်းကန်ရလေ့ရှိပါတယ်။ ဒါကြောင့် ဂရန်နာဒါ ခြေစွမ်းပိုင်းအားနည်းနေပေမယ့်ဒီပွဲမှာဆီဗီးလ်နိုင်ရင်တောင်မှ ပြတ်သားဖို့မလွယ်ပါဘူး။

**ဒီပို့တီဗို-ဗီလာရီးယဲလ် ည ၁၁း၄၅ (၃-၁-၁၆)**

ဒီပို့တီဗိုရဲ့လက်ရှိခြေစွမ်းပိုင်းက တောက်လျှောက်နီးပါး ကောင်းမွန်နေပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ဒီပို့တီဗိုရဲ့ခြေကပိုမိုပြီးကောင်းမွန်တတ်ပါတယ်။ ဒါကြောင့် အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် ကစားပုံကျဆင်းတတ်တဲ့ ဗီလာရီးယဲလ်တို့အခက်အခဲနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ သရေကျဖို့များတယ်။

**ဘီလ်ဘို-လက်စ်ပဲလ်မက်စ် ည ၁၁း၄၅ (၃-၁-၁၆)**

တန်းမဆင်းရဖို့ရုန်းကန်နေပေမယ့် လက်စ်ပဲလ်မက်စ်ရဲ့ခြေက ထိထိမိမိကောင်းမွန်လာခြင်းမရှိပါဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေလုံးဝတည်ငြိမ်မှုမရှိတာတွေ့ရပါတယ်။ ဒါကြောင့် အိမ်ကွင်းအားနဲ့ ဖိအားပေးလာမယ့် ဘီလ်ဘိုကိုလက်စ်ပဲလ်မက်စ်တို့ အသာရဖို့မလွယ်ကူပါဘူး။ ဘီလ်ဘိုပဲနိုင်ပွဲရမှာပါ။

**ဗလန်စီယာ-ရီးယဲလ်မက်ဒရစ် နံနက် ၂း၀၀(၄-၁-၁၆)**

ဗလန်စီယာကအခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းကျဆင်းနေပြီး နိုင်ပွဲတွေဆက်တိုက်နီးပါး ပျောက်ဆုံးနေခဲ့ပါတယ်။ ဒါပေမယ့် အမှတ်တွေဆုံးရှုံးမှုများခဲ့တာကြောင့် အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းပွဲစဉ်တွေမှာလည်း ကစားပုံကောင်းတတ်တာကြောင့် ရီးယဲလ်တို့အခက်တွေ့နိုင်တယ်။ ရီးယဲလ်မက်ဒရစ် နိုင်မယ်ဆိုရင်တောင် မပြတ်သားဘူး။

**ဂီဂျွန်-ဂီတာဖေး နံနက် ၂း၀၀(၅-၁-၁၆)**

ဂီဂျွန်ကအိမ်ကွင်းမှာနိုင်ပွဲရဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် ဂီဂျွန်ရဲ့အသင်းလိုက်ကစားအားကတည်ငြိမ်မှုမရှိသလို အဆုံးသတ်အားကလည်း သာမန်သာရှိပါတယ်။ ဒါကြောင့် ဂီတာဖေးကို အသာရဖို့ ဂီဂျွန်တို့ခက်ခက်ခဲခဲရုန်းကန်ရနိုင်ပါတယ်။ ဂီတာဖေးတို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

# မော်ဒယ် အေးချမ်းမြတ်မိုး အသတ်ခံရမှုကျူးလွန်သူကို အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မော်ဒယ် အေးချမ်းမြတ်မိုး အသတ်ခံရမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါအမှုတွင် ပြစ်မှုကျူးလွန်သည့် အံ့ဖြိုးပိုင်ကို အနောက်ပိုင်းခရိုင်တရားရုံးက ယနေ့ နံနက် ၁၁ နာရီတွင် ယင်းကဲ့သို့ အမိန့်ချမှတ်လိုက်ခြင်းဖြစ်ပြီး ချုပ်ရက်များကို ပြစ်ဒဏ်မှထုတ်နုတ်ခံစားခွင့်ပြုခဲ့သည်။

မော်ဒယ် အေးချမ်းမြတ်မိုးအား ၂၀၁၄ ခုနှစ် ဩဂုတ် ၂၆ ရက်က ဓားဖြင့် ထိုးသတ်ခဲ့သည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ အံ့ဖြိုးပိုင်ကို ဒဂုံမြို့နယ်ရဲစခန်းတွင် အမှုဖွင့်ခဲ့ပြီး တစ်နှစ်နှင့် ငါးလအကြာတွင် အနောက်ပိုင်းခရိုင်တရားသူကြီးက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၂၆ ရက် ည ၇ နာရီခန့်တွင် အေးချမ်းမြတ်မိုး၏ နေအိမ်ဝင်ပေါက်အနီး၌ အံ့ဖြိုးပိုင်နှင့် မော်ဒယ် အေးချမ်းမြတ်မိုးတို့ စကားများရန်ဖြစ်ရာမှ အေးချမ်းမြတ်မိုး၏ လည်ပင်းတွင် ဓားဒဏ်ရာရရှိကာ ယင်းဒဏ်ရာဖြင့်ပင် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သေဆုံးသူမှာ အသက်(၁၉)နှစ်အရွယ် တက္ကသိုလ်ကျောင်းသူ...

သေဆုံးသူမှာ အသက်(၁၉)နှစ်အရွယ် တက်သစ်စ မော်ဒယ်ဖြစ်ပြီး ဒဂုံတက္ကသိုလ်တွင် အင်္ဂလိပ်စာ ဒုတိယနှစ်တက်ရောက်နေကာ ဂျာနယ်နှင့် မဂ္ဂဇင်းအချို့၌ မျက်နှာဖုံး မော်ဒယ်အဖြစ် ဖော်ပြခံခဲ့ရသည့် အနုပညာရှင်တစ်ဦး ဖြစ်သည်။

မော်ဒယ် အေးချမ်းမြတ်မိုး အသတ်ခံရမှု ဖြစ်ပွားစဉ်က လူမှုကွန်ရက် စာမျက်နှာများတွင် ပျံ့နှံ့ခဲ့ရာ ပြည်သူများစိတ်ဝင်စားခဲ့ကြပြီး ယနေ့အပြီးသတ်အမှုစီရင်ချက်ချမှတ်သည့်နေ့တွင် အနောက်ပိုင်းခရိုင်တရားရုံးသို့ သတင်းမီဒီယာများ၊ ဆွေမျိုးများနှင့် စိတ်ပါဝင်စားသူပြည်သူများ များပြားစွာလာရောက်ခဲ့ကြောင်း တွေ့ရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# အလုံလမ်းဘူတာတွင် အမျိုးသားတစ်ဦး ရထားပေါ်မှ ပြုတ်ကျသေဆုံး

**အလုံ ဒီဇင်ဘာ ၂၉**

ရန်ကုန်မြို့ မြို့ပတ်ရထားပေါ်မှ ခြေချော်ပြုတ်ကျသဖြင့် အမျိုးသားတစ်ဦး သေဆုံးမှုတစ်ခု ဒီဇင်ဘာ ၂၈ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် ညနေပိုင်းက ဦးကျော်စိုးဝင်း (၂၉)နှစ် မြန်မာ့မီးရထားလျှပ်စစ်ဝန်ထမ်း အင်းစိန်စက်ခေါင်းစက်ရုံ မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားဝင်းနေသူသည် ရန်ကုန်ဘူတာကြီးမှ လှော်ကား ဘူတာသို့ ပြေးဆွဲသည့် မြို့ပတ်ရထား (ပိတောက် ၁၂)အဆန်ပေါ်မှ အလုံဘူတာအရောက် မီးရထားပေါ်မှ ခြေချော်ပြုတ်ကျသဖြင့် ယာခြေပြတ်၊ ဝဲလက်စုတ်ပြဲ၊ ဝဲခြေကျင်းဝတ်စုတ်ပြဲ၊ ဦးခေါင်းယာပေါက်ပြဲ၊ နောက်ကျောပွန်းခြစ်ဒဏ်ရာ၊ ဝဲခြေမ၊ ခြေညှိုး၊ ခြေခလယ်စုတ်ပြဲဒဏ်ရာများရရှိပြီး သေဆုံးနေကြောင်းတွေ့ရှိသဖြင့် အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ခါးပိုက်နှိုက်မှု ကျူးလွန်သူ သုံးဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မရမ်းကုန်းမြို့နယ် (၈)မိုင်ကားမှတ်တိုင်၌ အမှတ်(၁၅၇) ခရီးသည်တင်ယာဉ်ပေါ်မှဆင်းလာသော ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ ကြည့်မြင်တိုင်မြို့နယ်နေ သောင်းကြည်(၂၀)နှစ်၊ ဘုကြီး(ခ)ဒီပါ(၂၅)နှစ်နှင့် သာကေတမြို့နယ်နေ ဇော်မင်းထွန်း (၃၆)နှစ်တို့သုံးဦးအား တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ HUAWEI အမျိုးအစား လက်ကိုင်ဖုန်းသုံးလုံး၊ Vivoအမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် Gionee အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

၎င်းတို့သုံးဦးသည် ယင်းနေ့ နံနက်ပိုင်းတွင် အမှတ်(၁၀၂) ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါစီးနင်းလာစဉ် မရမ်းကုန်းမြို့နယ် နဝဒေးမှတ်တိုင်အရောက် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ HUAWEI အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ အဆိုပါနေ့ နံနက်က အမှတ်(၄၈) ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါစီးနင်းလာစဉ် အင်းစိန်မြို့နယ် ပေါက်တောဝ မှတ်တိုင်အရောက် ယာဉ်ပေါ်ပါအမျိုးသမီးထံမှ Vivoအမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ အမှတ်(၁၅၇)ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါစီးနင်းလာစဉ် မရမ်းကုန်းမြို့နယ် နဝဒေးမှတ်တိုင်အရောက် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ HUAWEI အမျိုးအစား လက်ကိုင်ဖုန်းနှစ်လုံးနှင့် Gionee အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံးတို့အား နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယင်းသို့ စစ်ဆေးပေါ်ပေါက်ချက်များအရ ၎င်းတို့သုံးဦးကို သက်ဆိုင်ရာ မရမ်းကုန်းနှင့် အင်းစိန်မြို့မရဲစခန်းတို့တွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# ဆီတင်သင်္ဘောပေါ်လိုက်ပါလာသူ အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**ချောက် ဒီဇင်ဘာ ၂၉**

ချောက်မြို့နယ် အောက်လယ်ကျေးရွာအနီး ဆီတင်သင်္ဘောရပ်နားစဉ် အမျိုးသားတစ်ဦး ရေနစ်သေဆုံးမှုတစ်ခု ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းကဖြစ်ပွားခဲ့ကြောင်း ချောက်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သေဆုံးသူမှာ ကျော်ဇေယျာအောင် (၂၀)နှစ် စက်သုံးဆီရောင်းဝယ်ရေးကုမ္ပဏီဝန်ထမ်း အမှတ်(၁) ညောင်ပင်ရပ်ကွက် ဝမ်းတွင်းမြို့ မန္တလေးတိုင်းဒေသကြီးနေသူဖြစ်ပြီး ၎င်းသည် ရန်ကုန်မြို့မှ ထွက်ခွာလာသော မြရတနာကျော်(၉) ဒီဇယ်ဆီတင်သင်္ဘောပေါ်တွင်လိုက်ပါလျက် ဒီဇင်ဘာ ၂၅ ရက် ည ၉ နာရီခန့်တွင် ချောက်မြို့နယ် အောက်လယ်ကျေးရွာအနောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ ဧရာဝတီမြစ်ကမ်းနံဘေး၌ သင်္ဘောရပ်နားနေစဉ် သင်္ဘောပေါ်တွင်ပါလာသော ကျော်ဇေယျာအောင်မှာ ပျောက်ဆုံးနေ၍ လိုက်လံစုံစမ်းရှာဖွေရာ မတွေ့ရှိဘဲ ဒီဇင်ဘာ ၂၆ ရက် ညနေ ၅ နာရီခန့်က သင်္ဘောအနီးပတ်ဝန်းကျင်တွင် ငါးဖမ်းပိုက်ဖြင့်ရှာဖွေခဲ့ရာ အလောင်းအားတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အမှုစစ်ရဲအရာရှိ၏ စစ်ဆေးချက်အရသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ချောက်မြို့နယ် စလေနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကျော်ဇေယျ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် တစ်နိုင်ငံလုံးရှိဆေးရုံများ၊ ကျန်းမာရေးဌာနများသို့ ဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ ပေးပို့ရန်အတွက် မော်တော်ယာဉ်ငှားရမ်းအသုံးပြုလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးနှင့်ဆေးပစ္စည်းဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာန ရုံးခန်း၊ အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် | - ၃၀-၁၂-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၇-၁-၂၀၁၆ရက်၊ မွန်းလွဲ ၂း၀၀နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၁-၃၇၁၉၆၉(၂၁၆)၊ ၀၁-၃၇၂၃၆၂ |

**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန**

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

TAXI အိမ်ပေးငှားမည်
AD-Van
(နွားကြီး)
တစ်နေ့ - ၁သောင်း
ဖုန်း-၀၉- ၂၆၀၇၉၉၇၉၆၊ ၀၉ ၇၃၂၅၂၇၁၄

## တစ်ချက်တည်းကျင်းဝင်

ဗိုလ်မှူးမောင်ထွေး(ငြိမ်း)သည် ရန်ကုန်မြို့တော်ဂေါက်ကွင်း၊ ငွေသော်တာကွင်းအတွင်း၌ ၂၅-၁၂-၂၀၁၅ရက် (Merry Christmas Day)နေ့ မွန်းလွဲ ၁၃း၄၅နာရီတွင် ကစားဖော်များဖြစ်သော ဦးစိုးဝင်း၊ ဦးစိန်ဦး၊ ဦးခွန်အောင်စိုး၊ ဦးခင်မောင်ငွေးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)၊ ၁၇၇ကိုက်အကွာမှ Titleist No.(3)ဘောလုံးကို Maruman Exin Nano II, No(6) သံတုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ပါသည်။ ၎င်းကျင်းအမှတ်(၅)၌ပင် ၆-၁၂-၂၀၁၁ရက်တွင် တစ်ကြိမ်၊ ယခုတစ်ကြိမ် (၂)ကြိမ်မြောက်ဝင်ရောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**(ကစားဖော်များ)**



ဆောင်းပါး

# ယဥ်ကျေးပျူငှာ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ

အေးသန်း (စိန်တုံးကြီး)



စာရေးသူမကြာခဏ တာဝန်ဖြင့် နေပြည်တော်ကို ရောက်ခဲ့သည်။ နေပြည်တော်ကို သွားတိုင်းလည်း ရန်ကုန်မှာရှိတဲ့ ရုံးလုပ်ငန်းများကို တစ်နေ့တာ ပြီးဆုံးအောင် ဆောင်ရွက်ပြီးမှ ညကားဖြင့် နေပြည်တော်ကို လိုက်ပါခြင်းကြောင့် နေပြည်တော်ကို နောက်တစ်နေ့ နံနက်စောစော ၄ နာရီခွဲနှင့် ၅ နာရီအကြား ရောက်ခဲ့သဖြင့် မိမိရောက်ချိန်က အချိန်မတော်ဖြစ်နေ၍ လွယ်လင့်တကူ ရပ်နားတည်းခိုနိုင်မည့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာတွင် ဝင်ရောက်တည်းခိုခဲ့ရပေတော့သည်။

စာရေးသူ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ ဧည့်ကြိုဆိုဌာနဝင်လိုက်သည်နှင့် "မင်္ဂလာပါခင်ဗျာ. . . ဘာများ ကူညီပေးရမလဲ"ဟု ချိုသာသောအပြုံးဖြင့် ဆီးကြိုလိုက်တဲ့ ဧည့်ကြိုကောင်လေးကြောင့် ခရီးစဉ်တစ်လျှောက် ပင်ပန်းနွမ်းနယ်လာခဲ့သည့် မိမိရှင်လန်းပီတိတွေ ဖြစ်ခဲ့ရသည်။ စာရေးသူလည်း ပါလာသည့် နိုင်ငံသားကတ်နှင့် ဝန်ထမ်းကတ်နှစ်ခုလုံး ထုတ်ပေးလိုက်ရာ ကောင်တာတာဝန်ခံဝန်ထမ်းတစ်ဦးက နိုင်ငံသားကတ်ကို ပြန်ပေးလိုက်ပြီး ဝန်ထမ်းကတ်ကို ယူထားလိုက်တာကြောင့် "ဦး. . . အခြားတည်းခိုခန်းတွေမှာတည်းတိုင်း နိုင်ငံသားကတ်ကိုပဲ ယူထားကြတာများတယ်. . . ဒီမှာ ဝန်ထမ်းကတ်ကိုဘဲ ယူထားတော့ ဘယ်လိုကွာခြားလည်း. . . ဦးကို ရှင်းပြပါလား"ဟု မေးလိုက်တော့ "ဒီလိုရှိတယ်ဦးရဲ့. . . သားတို့ဆီမှာ တည်းခိုခန်းခကို နှစ်ပိုင်းခွဲခြားထားတယ်။ တစ်ပိုင်းက ဝန်ထမ်းဖြစ်ရင် ဝန်ထမ်းကတ်နဲ့တည်းရင် ဈေးသက်သာတယ်။ နိုင်ငံသားကတ်နဲ့ဆိုရင် ဝန်ထမ်းဈေးထက်များတယ်လေ။ ဦးက ဝန်ထမ်းမို့လို့ ဝန်ထမ်းကတ်ကို ယူထားလိုက်တာပါဦး" "ဝန်ထမ်းကတ်နဲ့ ရိုးရိုးခန်းက ၈၀၀၀၊ Aircon ခန်းက ၁၆၀၀၀ ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်နဲ့ဆိုရင်တော့ ရိုးရိုးခန်း ၁၂၀၀၀ နဲ့ Aircon ခန်းက ၂၂၀၀၀ ကျမယ်။ ဦးကြိုက်တာပြော"ဟု ကောင်တာတာဝန်ခံ ကောင်လေးက စိတ်ရှည်ရှည်ဖြင့် ရှင်းပြနေပါတော့သည်။ "ကျေးဇူးတင်ပါတယ် သားရယ်. . . အခုလိုရှင်းပြမှ ဦးတို့လည်း ပြည့်ပြည့်စုံစုံသိရတာပေါ့"ဟု ပြန်ပြောလိုက်ရပါတော့သည်။

အကယ်၍ မိမိကဝန်ထမ်းကတ်မထုတ်မိဘဲ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းကိုသာ ထုတ်ပေးမိခဲ့ပါလျှင် တည်းခိုခန်းခ ပိုများသွားမည်လား။ နှစ်ခုလုံးထုတ်ပေးမိလျက်သားဖြစ်နေ၍ ကောင်တာဝန်ထမ်းလေးက နိုင်ငံသားစိစစ်ရေးကတ်ကိုသာ ယူထားပြီး ဝန်ထမ်းကတ်ကို ပြန်ပေးလျှင်ရော မိမိဘာတတ်နိုင်မှာနည်း။ တည်းခိုခန်းမ ဝန်ထမ်းဈေးနှုန်းထက်ပိုပေး၍ တည်းရပေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဧည့်ရိပ်သာဝန်ထမ်းလေး၏ စိတ်ရင်းစေတနာမှန်၊ ဖြူစင်သည့် သဘောကိုတော့ ချီးကျူးရမည်၊ လေးစားရမည်မှာ အမှန်သူ့လိုတာဝန်သိ၊ ဝန်ထမ်းချင်း ကိုယ်ချင်းစာနာစိတ်ရှိသည့် ဝန်ထမ်းလေးတွေများများရှိပါစေဟု စာရေးသူ ကြိတ်၍ ဆုတောင်းနေမိပါတော့သည်။

စာရေးသူလည်း အဲဒီနေ့ နံနက်စောစောမှာ မိမိတည်းခိုရမည့် အဆောင်(၃၀)အခန်း(၂)မှာ နှစ်ခြိုက်စွာ အိပ်စက်အနားယူခဲ့ပြီး နောက်တစ်နေ့ မိုးလင်းသည်နှင့် စည်ပင်ဧည့်ရိပ်သာအနီး စားသောက်ဆိုင်တစ်ခုမှာ နံနက်စောစာ စားသောက်ခဲ့ပြီး မိမိလုပ်ဆောင်ရမည့် ဝန်ကြီးဌာနတစ်ခုရှိ လုပ်ငန်းတာဝန်များကို သွားရောက် ဆောင်ရွက်ခဲ့ပြီး နံနက်ပိုင်းမှာပင် လုပ်ငန်းအားလုံး ချောချောမောမော ဆောင်ရွက်ပြီးစီးခဲ့သည်မို့ မိမိတည်းခိုရာ နေပြည်တော် စည်ပင်ဧည့်ရိပ်သာကို ပြန်လာခဲ့ပါတော့သည်။ အချိန်စောသေးသဖြင့် အိပ်ဆောင်ကို မပြန်သေးဘဲ ဧည့်ကြိုခန်းမဆောင်ကိုဝင်ပြီး နေ့စဉ်ထုတ်သတင်းစာများကိုဖတ်ရန် စိတ်ကူးရလာသဖြင့်ဧည့်ကြိုဆောင်ကို ဝင်ခဲ့မိပါတော့သည်။

ဧည့်ကြိုဆောင်ကို ဝင်လိုက်သည်နှင့် "မင်္ဂလာပါရှင်" "သမီးတို့ဘာများကူညီပေးရမလဲရှင့် "ဟူသော သာယာသံချို ချစ်ဖွယ်သောစကားဖြင့် နှုတ်ဆက်ကြိုဆိုလာသည့် သမီးငယ်ဝန်ထမ်းလေး နှစ်ဦးကြောင့် မိမိအံ့သြသွားမိသည်။ နံနက်စောစောဝင်လာတုန်းက ယောကျာ်းလေးတွေပါ။ အခုဘယ်လိုကြောင့် မိန်းကလေးတွေဖြစ်နေကြပါလိမ့်ဟု သိချင်ဇောဖြင့် မေးလိုက်တော့ "ဟုတ်ကဲ့ပါဦး၊ ယောကျာ်းလေးတွေ ညပိုင်းတာဝန်ယူကြပြီး သမီးတို့မိန်းကလေးတွေက နေ့ပိုင်းတာဝန်ယူကြရတယ်လေ"ဟု ရှင်းပြပါတော့သည်။

စာရေးသူလည်း နေပြည်တော်စည်ပင်ဧည့်ရိပ်သာ အကြောင်းကို တစ်စတစ်စ ပိုပြီး စိတ်ဝင်စားလာမိတာကြောင့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာနှင့် ပတ်သက်၍ သိလိုသည်များကို သိနိုင်ရန်အတွက် နေပြည်တော်စည်ပင်ဧည့်ရိပ်သာမှ တာဝန်ခံညွှန်ကြားရေးမှူးနှင့် သွားရောက်တွေ့ဆုံကာ နေပြည်တော်စည်ပင်ဧည့်ရိပ်သာအကြောင်း တစေ့တစောင်း မေးမြန်းသိရှိခဲ့ရပေတော့သည်။

နေပြည်တော်စည်ပင်ဧည့်ရိပ်သာကို နေပြည်တော်၏ ဗဟိုချက်မမြို့နယ်တစ်ခုဖြစ်သည့် ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၂ရက်တွင် ဧည့်ရိပ်သာ(၁)ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ် မတ်လတွင် ဧည့်ရိပ်သာ(၂)ကို လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ကြောင်း၊ ဧည့်ရိပ်သာဖွင့်လှစ်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ နေပြည်တော်သို့ ရုံးကိစ္စဖြင့်လာရောက်တည်းခိုသည့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် တည်းခိုနေထိုင်ရေးအဆင်ပြေစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၁)တွင် အိပ်ခန်း ၆၈၈ ခန်းနှင့် ဧည့်ရိပ်သာ(၂)တွင် အိပ်ခန်း ၆၀၈ ခန်း၊ စုစုပေါင်းအိပ်ခန်း ၁၂၉၆ ခန်းရှိနေခြင်းကြောင့် တစ်ခန်းလျှင် ခုတင် သုံးလုံး၊ သုံးဦးတည်းခိုနိုင်သဖြင့် အခန်း ၁၂၉၆ ခန်းအတွက် တစ်နေ့တည်းတစ်ပြိုင်တည်း လူဦးရေ ၃၈၈၈ဦး တည်းခိုနိုင်ကြောင်း သိရှိခဲ့ရသည့်အပြင် တည်းခိုခန်းခဈေးနှုန်းများအနေဖြင့်လည်း အကျယ်အဝန်း တစ်ခန်းလျှင် ၃၇၆ ဒသမ ၈၄ စတုရန်းပေရှိပြီး လူ သုံးဦးတည်းခိုနိုင်သည့် အခန်းအတွက် ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းကတ်ဖြင့် တည်းခိုလျှင် Aircon အထူးခန်းအတွက် တစ်ရက် ၁၆၀၀၀ဖြင့် လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ဖြင့် (ဝန်ထမ်းမဟုတ်သူ) တည်းခိုပါက တစ်ရက် ၂၂၀၀၀၊ ဝန်ထမ်းဖြစ်သော်လည်း ဝန်ထမ်းကတ်မပါပါက ဝန်ထမ်းဈေးနှုန်းဖြင့် မရနိုင်ကြောင်း၊ ပန်ကာတပ်ရိုးရိုးခန်းအတွက် ဝန်ထမ်းကတ်ဖြင့် တည်းခိုပါက တစ်ရက် ၈၀၀၀နှင့် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် တည်းခိုပါက ၁၂၀၀၀ကျမည်ဖြစ်ကြောင်းတို့ကိုလည်း ထပ်မံလေ့လာသိရှိခဲ့ရပြန်ပါသည်။ ထို့အပြင် အမျိုးသမီးများအတွက် အမျိုးသမီးအိပ်ဆောင် သီးသန့်စီစဉ်ပေးခြင်း၊ အခန်းတိုင်းတွင် စာရေးစားပွဲ နှစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ အဝတ်လှန်းစင် သုံးလုံးနှင့် ရေချိုးခန်း၊ သန့်စင်ခန်းတွဲလျက်ပါဝင်သည်ကိုလည်း တွေ့ရှိခဲ့ရပေသည်။

ဧည့်ရိပ်သာတွင် ဧည့်ရိပ်သာစည်းကမ်း(၂၈)ချက်ထုတ်ပြန်ထားရှိပြီးဧည့်ရိပ်သာဝင်းအတွင်း လောင်းကစားနှင့် မူးယစ်သောက်စားမှုကို ခွင့်မပြုခြင်း၊ ကူးစက်ရောဂါရှိသူများတည်းခိုခွင့်မပြုခြင်းတို့ကို အထူးတားမြစ်ဆောင်ရွက်လျက်ရှိပါသည်။

ဧည့်ရိပ်သာ လုံခြုံရေးအတွက် အစိုးရဌာနဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိပါသည်။ ❑ စာမျက်နှာ ၁၆ သို့


## သိမ်၊ ကျောင်း ဓမ္မာရုံ မြေအလှူ ကုသိုလ်ယူပါ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ နောင်ခမ်းကြီးရပ်ကွက်(၂၀) သုခဝါသီ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆောက်လုပ်ရန်အတွက် မည်သူမဆို ပါဝင်လှူဒါန်းသာသနာပြုနိုင်ပါသည်။

သိမ်တော်မြတ် - သိန်းတစ်ရာ့နှစ်ဆယ်ကျပ်ခန့်

ဓမ္မာရုံ ပေ(၄၀×၈၀) - သိန်းငါးရာကျပ်ခန့်

ယောဂီဆောင် ပေ(၃၀×၂၀) -သိန်းငါးဆယ်ခန့်

ယောဂီဆောင်တစ်ပေပတ်လည် တစ်သောင်းငါးထောင်ကျပ်

မြေ(၁၀)ပတ်လည် သုံးသောင်းငါးထောင်ကျပ် ဆက်သွယ် လှူဒါန်းနိုင်သည့်ဖုန်းများ-၀၉-၄၂၀၀၉၄၇၇၄၊ ၀၉- ၄၅၈၀၄၁၇၄၈၊ ၀၉-၅၂၆၃၃၄၁







## စက်ရုံ ရောင်း/ငှား

စက်မှုဇုန်(၁)၊ မြစ်ကြီးနားလမ်းမ၊ တောင်ဒဂုံ

မြေပေ(၆၀×၁၂၀) ဂိုပေ(၈၀×၅၀) ကွန်တင်နာကားကြီးများဝင်ထွက်ရ

ငှား-၁၈ သိန်း၊ ရောင်း-၄၅၀၀

မြေကွက်ရောင်း/လဲမည်

ကျောက်မြောင်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ ဗဟိုလမ်း ပေ(၂၅×၅၀)

ဂရန်အမည်ပေါက် ရောင်း-၄၀၀၀

လဲ-လူစည်ကားလမ်းမတန်းမြေညီနှင့်လဲမည်။

အိမ်ရောင်းမည်

ပုဇွန်တောင်၊ ရေကျော်၊ မြေညီထပ်ခိုးပြည့်ပါ၊ ရေကျော်ဈေးအနီး၊

နေထိုင်ရန်နှင့်ဆိုင်ဖွင့်ရန်နေရာကောင်း၊ ပြင်ဆင်ပြီး။

ပေ(၁၂. ၅ × ၆၀) ရောင်း ၁၅၀၀

ဆက်သွယ်ရန်-၀၉-၂၅၃၃၆၁၃၁၄၊ ၀၉-၇၉၉၆၇၇၇၈၉











## လင်မယားကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ဦးကရပွယား[၁၂/သလန(ပြ)၀၀၀၄၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးကရပွယား(ဘ)ဦးမူသူဆာမိ[၁၂/သလန(ပြ)၀၀၀၄၃၄]နှင့် ဒေါ်စန်းသီတာ (ဘ) ဦးမလိုက်ဆာမိ[၁၂/ဒလန(ပြ)၀၀၀၇၆၉]တို့သည် လင်မယားချင်း သဘောထားတိုက်ဆိုင်မှုမရှိတော့သဖြင့် ဒလမြို့နယ် တရားရုံးတော်၌ ၁၃-၈-၂၀၁၅ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း၊ ယခုအခါ တစ်ဦးနှင့်တစ်ဦး ပတ်သက်သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကရပွယား၏လွှဲအပ်ချက်အရ-**
**ဦးထွန်းထွန်းစိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၂၈၅)**
**(၁၃/၉)ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့။ ဖုန်း-၀၉-၇၃၂၂၁၈၈၄**


MPT
ရွှေသို့လှမ်းရှိမြန်မာပြည်
အကြီးကျယ် အခမ်းနားဆုံး
လော့ရှင်ကံထူး နှစ်သစ်ကူး
စတုတ္ထပတ် ကံထူးရှင် (၁၀၀၀၀) ကို ဂုဏ်ယူစွာဖြင့်
တင်ဆက်လိုက်ပါပြီ
လာမယ့်တစ်ပတ်
၂၀၁၆ ဇန်နဝါရီ ၂ ရက် ရဲ့
ကံထူးရှင်တာသင်လည်း
ဖြစ်နိုင်တယ်ဆိုတာ
မမေ့နဲ့နော်
COROLLA
တိုယိုတာကိုရိုလာ ကားသစ်ကံထူးရှင်
ကိုဝင်းမြင့် (ရန်ကုန်)
09 5136 xxx
အဖိုးတန်ဆုမဲများ၏ ကံထူးရှင်များ
iphone 6s
09 425005 xxx
မမိုးမိုး (မန္တလေး)
09 261981 xxx
ipad air 2
09 2036 xxx
မခင်နီလာကို (မန္တလေး)
09 400305 xxx
ဦးထန်ရှင်း (ကလေးမြို့)
Sony 40" TV
09 265825 xxx
ကိုအောင်မျိုးသိန်း (ရှမ်းပြည်နယ်)
09 43015 xxx
ကိုကျော်ဌေး (နေပြည်တော်)
09 43038 xxx
ကိုကျော်ဆန်းထွန်း (မြင်ဦးလွင်)
တစ်ကျပ်သား ရွှေဆွဲကြိုး
09 43001 xxx
မဝတ်ရည် (ဧရာဝတီတိုင်း)
09 253488 xxx
ကိုချစ်အောင် (ရန်ကုန်)
ကျပ် ၅၀၀၀ တန် ငွေဖြည့်ဆုမဲပေါင်း ၉၉၀၀ ကျော်
SMS (စာတို) ဖြင့် ပေးပို့ဖြည့်သွင်းပေးသွားပါမည်
lucky
ဒီဂျစ်တယ်ကံစမ်းခွင့်လက်မှတ် အရေအတွက်ကို စစ်ဆေးရန်
- GSM/WCDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၀ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
- CDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၀ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
ကံစမ်းမဲကာလ
အမှန်တကယ်ဆုပေးမည့် ပစ္စည်းများသည် ကြော်ငြာတွင်ဖော်ပြထားသောပစ္စည်းများနှင့် အနည်းငယ်ကွာခြားမှုရှိနိုင်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

ကြော်ငြာ


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
အကြီးကျယ် အခမ်းနားဆုံး
လက်ရွှင်ကံထူး နှစ်သစ်ကူး
ကံစမ်းမဲကာလ
၂၀၁၅ နိုဝင်ဘာ ၂၆ ရက်မှ ၂၀၁၆ ဇန်နဝါရီ ၇ ရက်ထိ
ကံထူးရှင်ရွေးချယ်ပွဲ
ဒီဇင်ဘာ ၅ ၊ ၁၂ ၊ ၁၉ ၊ ၂၆ ၊
ဇန်နဝါရီ ၂ ရက် နှင့် ၉ ရက်နေ့များတွင်
MRTV 4 ရုပ်သံလိုင်းမှ
ထုတ်လွှင့်ပြသပေးသွားပါမည်
အပတ်စဉ်တိုယိုတာကားအသစ်တစ်စီးအပါအဝင် အခြားဆုမဲပေါင်းများစွာ ကံထူးနိုင်မည့်
ဒီဂျစ်တယ်ကံစမ်းခွင့်လက်မှတ်များရယူရန် နည်းလမ်းများ
MPT အချင်းချင်းပြည်တွင်းဖုန်းခေါ်ဆိုခြင်း
ခေါ်ဆိုချိန်(၁)မိနစ်တိုင်း | (၁)စောင်
၃၀၀၀ကျပ်နှင့်အထက်ငွေဖြည့်သွင်းခြင်း
၃၀၀၀ကျပ် | (၃၀)စောင်
၅၀၀၀ကျပ် | (၅၀)စောင်
၁၀၀၀၀ကျပ် | (၁၀၀)စောင်
၂၀၀၀၀ကျပ် | (၂၀၀)စောင်
၃၀၀၀၀ကျပ် | (၃၀၀)စောင်
MPT ဆင်းကတ်အသစ် ဝယ်ယူအသုံးပြုခြင်း
ကတ်(၁)ကတ် | (၃၀)စောင်
အမှန်တကယ်ဆုပေးမည့် ပစ္စည်းများသည်
ကြော်ငြာတွင်ဖော်ပြထားသောပစ္စည်းများနှင့် အနည်းငယ်ကွာခြားမှုရှိနိုင်ပါသည်
ဒီဂျစ်တယ်ကံစမ်းခွင့်လက်မှတ် အရေအတွက်ကို စစ်ဆေးရန်
• GSM/WCDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၀ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
• CDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၁ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
စည်းကမ်းချက်များ
• ယခုအစီအစဉ်သည် MPT မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး (GSM/WCDMA and CDMA)အတွက် အကျုံးဝင်ပါသည်။
• အပတ်စဉ်ကံထူးရှင်ရွေးချယ်ပွဲများတွင် သက်ဆိုင်ရာရက်သတ္တပတ်အတွင်း ပါဝင်ကံစမ်းထားသော ကံစမ်းခွင့်လက်မှတ်များမှ ရွေးချယ်သွားပါမည်။
• နောက်ဆုံးပတ် ကံထူးရှင်ရွေးချယ်ပွဲတွင် ကံစမ်းမဲကာလအစအဆုံး၏ ကံစမ်းခွင့်လက်မှတ်များအားလုံးထဲမှ ရွေးချယ်သွားပါမည်။
• အထူးဆုကံထူးရှင်များကို ဖုန်းခေါ်ဆိုခြင်း နှင့် MRTV 4 ရုပ်သံလိုင်းမှထုတ်လွှင့်ခြင်းတို့ဖြင့် ကြေညာပေးပါမည်။
• ငွေဖြည့်ကတ်ဆုရရှိသူများကို SMS ပေးပို့ခြင်းဖြင့် ကြေညာပေးပါမည်။
• အပတ်စဉ်ကံထူးရှင်ရွေးချယ်ပွဲနေ့တွင် ဖုန်းလက်ခံနိုင်ခြင်းမရှိသော အထူးဆုကံထူးရှင်များကို (၃)ရက်ဆက်တိုက် အကြောင်းကြားပေးသွားပါမည်။ (၃)ရက်အတွင်း ဖုန်းလက်ခံနိုင်ခြင်းမရှိသော ဆုများကို နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲနေ့တွင် ထည့်သွင်းကံစမ်းပေးသွားမည် ဖြစ်ပါသည်။
• ဘဏ်မှတစ်ဆင့် ငွေ(ဘီလ်)ဖြည့်ခြင်း၊ CUG (Closed User Group) သုံးစွဲခြင်းများသည် ကံစမ်းခွင့်အစီအစဉ်တွင် အကျုံးမဝင်ပါ။
• MPTမှ ဝန်ထမ်းများ (သို့) နှစ်သစ်ကူးကံစမ်းခွင့် အစီအစဉ်နှင့် တိုက်ရိုက်ဆက်နွယ်နေသော အဖွဲ့အစည်းများမှ MPT သုံးစွဲသူများသည် ဤအစီအစဉ်တွင် ပါဝင်ခွင့်မရှိပါ။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


myanmar
national airlines
myanmar
မြန်မာအမျိုးသားလေကြောင်းလိုင်း၏ရန်ကုန်–စင်ကာပူနှင့်စင်ကာပူ–ရန်ကုန်
ခရီးစဉ်များကိုဇန်နဝါရီလ၊(၁)ရက်နေ့၂၀၁၆မှစတင်၍
ပြောင်းလဲပါမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။
အောက်ဖော်ပြပါအချိန်များအတိုင်းဖြစ်ပါသည်။
Flight No. | Dep. | Arr.
UB-001 | Yangon (07:15) | Singapore (11:45)
UB-002 | Singapore (13:00) | Yangon (14:30)
For more information, please contact your travel agent or MNA Reservation at below contact.
www.flymna.com
Email : reservations@flymna.com
Tel : +95 1 378603, +95 1 377840


"အမေ" စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်
MOTHER INDUSTRIAL CO., LTD.
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဦးစွာပထမ တည်ထောင်သော
ပေါ့ပါးခိုင်ခံ့သည့် ကွန်ကရစ်ဘလောက်နှင့် ဖိအားမြင့်ခံ ကွန်ကရစ်အုတ်စက်ရုံ၊ ရန်ကုန်
(တည်းကုန်း၊ ဖော့ကန်)
18 in 1
600 mm x 200 mm x 200 mm
ရိုးရိုးအုတ်နီခဲ (၁၈) လုံးနှင့် ညီမျှပါသည်။
ဖိအားမြင့်ခံကွန်ကရစ်အုတ်
AUTOCLAVED PRESSED CONCRETE BRICK (APC)
230 mm x 110 mm x 70 mm
(9 in x 4.5 in x2.75 in)
ပေါ့ပါးခိုင်ခံ့သည့် ကွန်ကရစ်ဘလောက်
AUTOCLAVED AERATED CONCRETE BLOCK (AAC)
600 mm x 200 mm x 100 mm
(23.62 in x 7.87 in x 3.93 in)
600 mm x 200 mm x 200 mm
(23.62 in x 7.87 in x 7.87 in)
ENVIRONMENTAL FRIENDLY
LONG LIFE
FIRE RESISTANCE
ACOUSTIC
THERMAL INSULATION
RAPID ON-SITE ESSEMBLY
NON-TOXIC
ပုလဲလမ်း၊ MEC တာယာစက်ရုံရှေ့ ဖော့ကန်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph : 09-970618300, 09-970618700
E-mail : miplant2n3@gmail.com

ကြော်ငြာ


NEW YEAR 2016
SAMSUNG DAY
နှစ်သစ်မှာ Samsung smart phones နှင့် Tablets
တွေဝယ်ယူပြီးလက်ဆောင်တွေ ရယူကြရအောင်.....
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက် 5,000 mAh Power Bank, OTG Adapter, 8GB Memory Stick, Mini Bluetooth Speaker, T-Shirt, Silicon Cover နှင့် Wrist Band များ
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက် 32GB microSD Card, T-Shirt, 500 mAh Pwer Bank, Silicon Cover နှင့် Wrist Band များ
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက် 16GB microSD Card, T-Shirt, Silicon Cover နှင့် Wrist Band များ
ဇန်နဝါရီလ (၁)ရက် နေ့မှ ဇန်နဝါရီလ (၃)ရက်နေ့အထိသာ
လက်ဆောင်အရေအတွက်ကန့်သတ်ထားပါသည်။
www.facebook.com/samsungmobilemyanmar
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)
SAMSUNG

ကြော်ငြာ


# ဦးအောင်အောင် LCCI

Level - I + II, III = 15%Dis:

B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

(၂၃၃)၊ ၃ထပ်၊ ဘားလမ်း၊ ကျောက်တံတား။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉၉၇ ၅၁၀၃၀၀၂၊ ၀၉၇၈၅၁၀၃၀၀၂

Level - I+II

| | | | | | |
|---|---|---|---|---|---|
| (A) | SAT 7:00 - 8:30am SUN 26.12.2015 | (D) | THU 6:00 - 8:00pm FRI 14.1.2016 |
| (B) | THU 9:30 - 12:00am FRI 31.12.2015 | (E) | MON 7:00 - 8:30am TUE / WED 18.1.2016 |
| (C) | SUN 2:00 - 5:00pm 10.1.2016 | (F) | MON 4:00 - 6:00pm TUE 25.1.2016 |

Level- III (B) (5.1. 2016)

| | |
|---|---|
| A/C IAS | (MON, TUE 12:00-2:00pm) |
| Cost | (MON, TUE 2:00 - 4:00pm) |
| M A | (WED 12:00- 2:00pm) |
| ABC | (MON 10:00 -11:30am) |
| Stats | (TUE,WED 9:30 -11:30am) |



# KMD Institute

LCCI

LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)

- မေးခွန်းဟောင်းများကို အခမဲ့ပြန်လှန်သင်ကြားပေးပြီး Exam အောင်မြင်သည်အထိ တန်းခွဲသစ်များသို့ ပြန်လည်တက်ရောက်သင်ကြားခွင့်ပေးပါမည်။
- Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး အလုပ်သင်စာရင်းကိုင်အဖြစ် အရည်အချင်းပြည့်မီပါက လုပ်ငန်းခွင်ဝင်နိုင်အောင် လုပ်ဆောင်ပေးပါမည်။

Excel သင်တန်း အခမဲ့

LCCI - I, II June Exam Series

Opening Date

(လှည်းတန်းစင်တာ) 7 - Jan - 2016 (7:30am - 10:30am) ( Thur - Fri )

(မြေနီကုန်းစင်တာ) 15 - Jan - 2016 (1:00pm - 3:00pm) (Wed - Thur - Fri)

ISO

☎ ၅၀၂၂၃၀ | ☎ ၅၂၇၇၃၈၊ ၅၀၂၂၃၇


# ANNOUNCEMENT FOR CALLING PROPOSALS

Population Services International Myanmar(PSI/Myanmar) is an international non-governmental organization currently engaged in providing health services and health products through social marketing and social franchising approach in Myanmar.

- PSI/Myanmar plans to do a cross-sectional nationwide family planning products outlet survey in February 2016.
- The survey will be done in 14 states and divisions across Myanmar.
- Paper-based data collection will be conducted in private outlets that are selling/distributing family planning products and providing family planning services.
- PSI/Myanmar is now inviting proposals to conduct data collection and data entry for the above mentioned survey.
- Interested applicants are advised to contact the following address to obtain the detail request for proposal for guidance of developing your proposlas.
- Interested applicants also need to contact us to attend the briefing for explanation of the scope of work for the requested survey on 7th **January 2016** at the following address. (RSVP mandatory)

Strategic Information Department
Population Services International Myanmar
16 West Shwe Gone Dine 4th Street
Bahan Township, Yangon
Phone-01-375854-58 (Ext:406 and 407)
mmthet@psimyanmar.org,wmmaung@psimyanmar.org

- The proposal submission deadline is **15th January 2016 4:OOPM** (Yangon time)


မှတ်စုမှတ်ရာစုံလင်စွာဖြင့် စာမေးပွဲအတွက် အဆင်သင့်ဖြစ်စေရမည်။

ကိုကျော်ရိုဖ် ကျန်းမာရေးမှူး(၄) စာမေးပွဲဖြေဆိုမှုရက်ပြတ်သင်တန်း

၂၀.၂၀၁၆ ရက်နေ့ တာမွေတွင်ဖွင့်မည် Ph-09 261755336

2,3,4,5,6(5 Days) | ၄နာရီ-၉:၀၀-၁၂:၀၀ | ၂၀၀၀၀ ကျပ်

မိုးကောင်းမုန့်ဆိုင် အပေါ်ထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးရှေ့။



တက္ကသိုလ်ဆရာများသာ သင်ကြားသော

ကိုကျော်ရိုဖ် နည်းပြ၊သရုပ်ပြ၊ B.Ed စာမေးပွဲဖြေဆိုမှုသင်တန်းများ

၂၀.၂၀၁၆ ရက်နေ့ တာမွေတွင်ဖွင့်မည် Ph-09 261755336

စနေ၊ တနင်္ဂနွေ | ၄နာရီ-၇:၃၀-၉:၀၀ | ၄၀၀၀၀ ကျပ်

မိုးကောင်းမုန့်ဆိုင် အပေါ်ထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးရှေ့။



"အနာဂတ် အခွင့်အလမ်းကောင်းကို ဆုပ်ကိုင်ဖို့ အတတ်ပညာတွေသင်ယူစို့"

အသုံးချအီလက်ထရောနစ်သင်တန်း

Component များ ... Datasheet ... Instrument များ ...

Handphone ပြုပြင်ခြင်းသင်တန်း

Hardware ပြုပြင်ခြင်း၊ Software ပြုပြင်ခြင်း၊ Tools and Instrument များ ... Diagram များ ...

GLORY ... 09-73121717, 09-5197817



## အမြန်အလိုရှိသည်

၁။ ကိတ်မုန့်ပန်းဆွဲဆရာ (ကျွမ်းကျင်) (၁)ဦး
၂။ အရောင်းမြှင့်တင်ရေးဝန်ထမ်း (၁)ဦး
၃။ ဆိုင်မန်နေဂျာ (၁)ဦး
ဖုန်း-၀၁-၂၅၂၄၈၃၊ ၀၁-၃၇၆၉၃၈





## မေခလာစန္ဒာ
## အမျိုးသမီးအဝတ်ချုပ်သင်တန်း

၂။ အိမ်အရောက်သင်တန်း၊ ညနေသင်တန်း၊ တနင်္ဂနွေသင်တန်း
၃။ ... Handmade ...

ဖုန်း-၃၈၈၂၃၃၊ ၅၂၇၉၉၉၈၊ ၀၉၇၃၂၄၀၀၂၄၊ ၀၉၅၀၀၈၅၅၀၊ ၃၇၅၀၀၄







အမှတ်- (E 11-A) လေးထောင့်တန်လမ်းမ၊ ဘီတိုစီ မှတ်တိုင်၊ သယ်န်းကျွန်းမြို့နယ်။ ☎ 09 79 700 7073 , 09 79 700 7083



အမျိုးသမီးသီးသန့်
ယာဉ်မောင်းသင်သည်။
ဖုန်း-၀၉-၇၉၅၈၈၉၁၄၅



## ထားဝယ်သင်္ဘောပန်းလှလှ

သဇင်ပန်း/၃/တိုင်
(ပွင့်နေသော/ အသစ်စိုက်ပြီး/တိုင်လွတ်)
(၅၃၅)၊ သုမင်္ဂလာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ။
ဖုန်း-၀၁-၅၆၀၅၆၇၊ ၀၉-၂၅၂၆၉၀၄၀၀



ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်အမှတ်
ကက - ၁၃/၅၁/၀၅၁ (လှိုင်)မှတ်ပုံတင်အမှတ် - ကက - ၁၃/၀၇/၂၀၉ (တာမွေ)

# ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဘော်ဒါ

(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ)

# IDEAL CLASS EDUCATION CENTRE
# ICEC

"စံ" ပညာ့ရိပ်သာ (လှိုင်)
ခြံအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ် ရန်ကုန်မြို့။ Website : www.icecprivateschool.com
Tel : 09-300 59147, 09-300 59148, 09-795886818, 09-255965938

"စံပြ" ကျောင်း (တာမွေ)
(A-5) မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း နတ်ချောင်းရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 7316 6911, 09-2559 65939, 09-7316 2577, 09 7996 43183

"စံမီ" ကျောင်း (လှိုင်သာယာ)
အမှတ်(၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျန်စစ်သားလမ်းထောင့် လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသုဇာဆိုင်)
Tel : 09-44037 8745, 09-44037 8746, 09-78527 4023

၂၀၁၆-၁၇ ပညာသင်နှစ်အတွက် လှိုင်သာယာ ICEC ကျောင်းခွဲကို ထပ်မံဖွင့်လှစ်လိုက်ပါပြီ။ (ကျောင်းအပ်လက်ခံနေပြီ)

## ကြော်ငြာ

ဒီဇင်ဘာလ(၂၁)ရက် (၅၅)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၇၀၅၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဇန်နဝါရီလ (၉၊ ၁၀)ရက်တွင် ၅၆-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ဝံ့ယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(AccountNo.0075010070169030l)

---

# ခေစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တိုက်အမှတ်(၈၉/၉၇)၊ အိမ်အမှတ်(5C), Diamond Crown Condo ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်နေ ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်းငွေတို့၏သား

မောင်အောင်မြတ်သူ **B.Sc (Math)**
**BIT (Green wich)**

နှင့်

ရန်ကုန်မြို့၊ အမှတ်(၁၂၁)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးသိက်းအေး-ဒေါ်တင်တင်ငွေတို့၏သမီး

မချစ်လွန်းတာ B.A (Hist)
Producer & Announcer
(Shwe FM Radio Station)

တို့သည် ၂၀-၁၂-၂၀၁၅ရက် Western Park Royal တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ ခေစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မြတ်သူ-မချစ်လွန်းတာ

---


## ယမင်းသူ

ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန် ကားများစွာရှိပါသည်။

095174914, 095136421


---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁၂-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ-၅ ရှိ ဦးနေဝင်း [၁၂/သကတ(နိုင်)၁၂၈၈၆၉]နှင့် အများသိစေရန် ကြေညာခြင်းတွင် ကန်ထရိုက်တာ ဦးထွန်းထွန်း နေရာ၌ "ကန်ထရိုက်တာဦးနေဝင်း"ဟု ပြင်ဆင်ဖတ်ရှု ပါရန်။

ပိုင်ရှင် ဦးထွန်းထွန်း
[၁၂/သကတ(နိုင်)၀၉၉၆၄၂]

---

## သမီးလေးထိုက်ခြယ်လှယ်(ခ)ချိုင်းချိုင်း
## အတွက် မွေးနေ့ရက်(၁၀၀)ပြည့်ဆုတောင်း

ချစ်သမီးလေးမွေးနေ့ ရက်(၁၀၀) မှသည် နှစ်ပေါင်း(၁၀၀) ကျော် တိုင်စေသော်
ငယ်ရွယ်နုထွေး ပိုက်ထွေးယုယ သမီးလေးဘဝ ယခုမှစ
ကျန်းမာချမ်းသာ နှစ်ဖြာသုခပြည့်စေသော်
နန်း "ထိုက်" တော်ဝင်ပန်းသဇင်သို့ "ချိုင်းချိုင်း"လေး
ဘဝလှပလန်းဆန်းနိုင်စေသော်
သမီးလေး "ချိုင်းချိုင်း" ဘဝအန္တရာယ်များ လားလားမသိ ကင်းဝေးနိုင်စေသော်
သမီးလေးဘဝ ထိုမှစကာ ကိစ္စမှန်သမျှ အခက်အခဲမရှိ အောင်မြင်မှုများ ရစေသော်
လှည့်ဖြားလောက ဤဘဝဝယ် ကွေ့ကောက်သူများတွေ့သော်ငြား ရှောင်ရှားနိုင်စေသော်
ဖြေရှင်းကိစ္စ ရင်ဆိုင်ရလျှင် အနိုင်ရကြောင်း ဆုမွန်တောင်းသည်
ယနေ့မှစ "ထိုက်ခြယ်လှယ်" ဟု ခေါ်စေသော် -

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်
ချစ်ပါးပါး ဦးသိန်းထိုက်-ချစ်မာမား ဒေါ်ဖြူဖြူ

---




ပေါ်ဆန်းမွှေးသစ်ရှိပြီ
09-73077711 ☎ 01-682844
09-73077722 ☎ 01-682944

---

## ဝူလဲ (နည်းပညာတက္ကသိုလ် မှတ္တင်လျှင်သော)

ကျောင်းဆရာ / ပ ရာရှူးဖြင့်
လုပ်ကိုင်လိုသူများအတွက်
အမှတ်စဉ်(၈)ကျောင်းအပ်လက်ခံနေပါသည်။
အမှတ်(၂၀၁၂၂)၊ ABC ဓာတ်ဆီဆိုင်
Ph: 09 43057605 , 09 784805259
09 420040902 , 09 420040903

---

## ဇိန်ရတနာ

အမှတ် ၅၆၊ ၃၂လမ်း(အောက်)၊ 09 510 2750

ဗီနိုင်း (1'x1') ၁၃၀ ကျပ်
A4 ၆.၅ ကျပ်
A4 ၆ ကျပ်


---

## တားမြစ်

မြောက်ဒဂုံ၊ ရွှေပင်လုံအပိုင်း(၃) လုံးချင်း ကုမ္ပဏီရုံးခန်း၊ လူနေ

ရန်ကင်း၊ ဝါဝါဝင်း မြေညီ ရုံးခန်း၊ လူနေ

ဖုန်း-၀၁-၅၇၃၄၉၀၊ ၀၉-၂၅၄၀၅၀၀၀၉

---


## ရွှေလက်ဆောင်

ကျောင်းသားအများဆောင်

Reg: 3123/2003

စာပိုဒ်ပေး၊ ဖတ်မှတ်နားလည်မှု စစ်ဆေးသည့် အမေးများကိုဖြေတတ်ဖို့ ဘက်စုံအသုံးချ အင်္ဂလိပ် သဒ္ဒါလမ်းညွှန်

**COMPREHENSIVE GUIDE TO COMPREHENSION**

တစ်အုပ်ချင်း

ထွက်နေပြီ

**ENGLISH WORKBOOK**

ဆရာဦးညက်ဝင်းထက် (စာပေဗိမာန်)

---

## VAC VALUE ADDED CONSULTANCY

မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေခေါ်နေပြီ

## Job Openings for Foreign Firms

**Learning & Development Manager** - Energy Co - USD 3000 (1)
- Exp In Training, Learning & Development, Preferable in NGO Field

**Marketing Manager** - LPG - Energy Co (1)
- Exp In Sales of LPG, Operation Management, Dealing with Customers, Supplier, Pre in MOGE Field

**Bitumen Technical Sales Manager** - Energy Co (1)
- Exp In Construction Materials Sales Field

**Team Secretary** - Energy Co (1)
- 5yrs Exp in Secretarial Field, Fluent in English

**Head Of Department** - Foreign Bank - USD 4000 (1)
- Any Grad , 7yrs Exp On Relevant Field ( Prefer Banking Field ) , English 4 Skills

**Deputy Manager** - Foreign Bank - USD 2500 (1)
- Any Grad , 7yrs Exp On Relevant Field ( Prefer Banking Field ) , English 4 Skills

**Operation Manager** - Foreign Bank - USD 2000 (1)
- Any Grad , 5yrs Exp ( Pre On Corporate Banking ), English 4 Skills

**Sales Data Analytics Manager - Officer** - Telecom Co (4)
- Exp On Sales Data Analysis , Strong Analytical & Quantitative Skills

**Mobile Money Officer** - Telecom Co (1)
- Exp Of Either Mobile Apps Planning/ Develop , Exp in Financial Co(Bank)

**Tax Manager** - Telecom Co (1)
- CPA Or ACCA OR Equivalent, Pure Tax Exp ,Both Theory & Practical

**Head of Legal & Compliance** - Int'l Microfinance Co (1)

**Head of Risk** - Int'l Microfinance Co (1)

**Anti - Fraud Manager** - Int'l Microfinance Co (1)

E-mail ဖြင့်အလုပ်လျှောက်နိုင်သည် ။ CV ကို MicroSoft Word File ဖြင့်ပို့ပါ။

Value Added Consultancy

No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

---

## Lotus

ဟိုတယ်သင်တန်းကျောင်း
School of Hospitality



- (International Culinary Arts)
- (International Bakery & Pastry)
- (Basic Bakery & Pastry Decoration)
- (International Bartending)
- Coffee နှင့် Juice (International Barista)
- (Food & Beverage Service)
- (Certificate in Hotel Management)
- (Front Office Operation)
- (Housekeeping Operation )
- (Human Resources Management)
- (Hospitality English)

01-397449, 01-397447, 09-31624614, 09-73169207

---

ပေါ့ပါးလွယ်ကူသည့်... FIRE Safe မီးသတ်ဗူး




09 440 444444, 09 458 222222

Super Market ၊ ကုန်တိုက် နှင့် စတိုးဆိုင်ကြီးများတွင်ဝယ်ယူရရှိနိုင်ပါသည်။


အခုပဲငွေဖြည့်ပြီး
အပိုလက်ဆောင်ရယူပါ
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊
ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ်ဆိုရန် နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။
အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
ငွေဖြည့်ပမာဏ | အပိုလက်ဆောင်
၁,၀၀၀ ကျပ် | ၂၀၀ ကျပ်
၃,၀၀၀ ကျပ် | ၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ် | ၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ် | ၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ် | ၂၀,၀၀၀ ကျပ်
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

Hot Line No-0930500100



# မြေသယံဇာတများစီမံခန့်ခွဲရန် အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများရေးဆွဲခဲ့ရာ မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေးပါဝင်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်၏ မြေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲအသုံးချရေး ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် ရည်ရွယ်ပြီး အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီကို လုပ်ငန်းတာဝန်(၁၇)ရပ် သတ်မှတ်ကာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

# သေဒဏ်ချမှတ်ခံရသည့် မြန်မာနိုင်ငံသားနှစ်ဦးအတွက် ထိုင်းနိုင်ငံ တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် အယူခံဝင်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံသားနှစ်ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr. Pisanu Suvanajata အား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ထိုင်းနိုင်ငံ ကော့စမွီတရားရုံး၌ ဒီဇင်ဘာ ၂၄ ရက်တွင် သေဒဏ်ချမှတ်ခံခဲ့ရသည့် မောင်ဝင်းဇော်ထွန်းနှင့် မောင်ဇော်လင်းတို့နှစ်ဦးအတွက် ထိုင်းနိုင်ငံ၏ တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် အယူခံဝင်သွားမည်ဖြစ်ကြောင်း၊ ဤကိစ္စနှင့်ဆက်စပ်၍ ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများပေါ်သို့ ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုမရှိစေလိုပါကြောင်းနှင့် မြန်မာနိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထိုင်းအစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ ထိုင်းနိုင်ငံ ရှေ့နေများကောင်စီတို့နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ထိုင်းနိုင်ငံအစိုးရ၏ ပူးပေါင်းပါဝင်မှုကိုပါ လိုလားပါကြောင်း၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးကိုအခြေခံ၍ ယခုကိစ္စအပေါ် ဥပဒေနှင့်အညီ မျှမျှတတဖြစ်စေရေးအတွက် ဆက်လက်၍ ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ယနေ့ မာတိကာ


ဝါးများကို စည်းကမ်းမဲ့ခုတ်ယူနေသဖြင့် ရွှေလီမြစ်ရိုးရှိ ဝါးတောကြီးများ ပြုန်းတီးလာနိုင် စာမျက်နှာ - ၂

သုဝဏ္ဏသာမဇာတ်တော်ကြီး ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် အခမဲ့ဖျော်ဖြေမည် စာမျက်နှာ - ၇

အလုပ်သမားရှားပါးမှုကြောင့် ရိတ်သိမ်းခြွေလှေ့စက် အသုံးပြုသူများလာ စာမျက်နှာ - ၁၁


# MFF U-14 ပြိုင်ပွဲ ဆီမီးပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



မန္တလေးအကယ်ဒမီ(က)အသင်းနှင့် ဧရာဝတီအကယ်ဒမီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**မန္တလေး ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူး ကျင်းပနေသည့် MFF U-14 100 Plus Super Cup ပြိုင်ပွဲ ဆီမီးပွဲစဉ်များကို ယနေ့ယှဉ်ပြိုင်ကစားကြသည်။

ဆီမီးပွဲစဉ်များတွင် မန္တလေးအကယ်ဒမီ(က)အသင်းက ဧရာဝတီအကယ်ဒမီအသင်းကို ငါးဂိုး-ဂိုးမရှိ၊ ဇွဲကပင်အကယ်ဒမီ(က)အသင်းက ရတနာပုံအကယ်ဒမီအသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်များတွင် ရာနှုန်းပြည့်နိုင်ပွဲရရှိခဲ့သည့် မန္တလေးအကယ်ဒမီ(က)အသင်းနှင့် ဇွဲကပင်အကယ်ဒမီ(က)အသင်းတို့မှာ ယနေ့ ဆီမီးပွဲတွင်လည်း ခြေစွမ်းပြပြီးဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု ယူ-၁၄ ပြိုင်ပွဲကို ပရိသတ်အားပေးမှုများပြားလျက်ရှိကြောင်းသိရသည်။

တတိယနေရာလုပွဲအဖြစ် ဧရာဝတီအကယ်ဒမီအသင်းနှင့် ရတနာပုံအကယ်ဒမီအသင်း၊ ဗိုလ်လုပွဲအဖြစ် မန္တလေး အကယ်ဒမီ(က)အသင်းနှင့် ဇွဲကပင်အကယ်ဒမီ(က)အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**






Gmail themirror.npt@gmail.com
www.facebook.com/themirrordaily